# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

နေပြည်တော်

## ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည့် “ 2017 Hun-Ma 1343 အမှုပါ ၅ ” ကို လေ့လာတင်ပြခြင်းစာတမ်း


လေ့လာတင်ပြသူ -

ဦးမျိုးမြင့်
လက်ထောက်ညွှန်ကြားရေးမှူး
(တရားစီရင်ရေးဌာနခွဲ)


ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

# မာတိကာ

နိဒါန်း

၁။ ကိုရီးယားသမ္မတနိုင်ငံအကြောင်းအကျဉ်းချုပ်

၂။ ကိုရီးယားသမ္မတနိုင်ငံတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပြီးသတ် သုံးသပ်နိုင်သည့် အခွင့်အာဏာ

၃။ ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၄။ ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ပိုင်ခွင့်များ

၅။ စုံညီခုံရုံး (Full Bench)

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်၏အကျိုးသက်ရောက်မှု

(Effect of Decision)

၇။ “2017 Hun-Ma 1343 အမှုပါ ၅” အကြောင်း လေ့လာတင်ပြခြင်း

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကထုတ်နုတ်ခဲ့သည့် ငြင်းချက်များ

၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုံးသပ်ချက်များ

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်

၁၁။ တရားသူကြီးလေးဦး၏သဘောထားကွဲလွဲမှုအကျဉ်းချုပ်(Summary of Dissenting Opinion) ကို လေ့လာတင်ပြခြင်း

၁၂။ မြန်မာ့ရိုးရာဆေးမင်ကြောင်ထိုးခြင်းလုပ်ငန်းနှင့် ခေတ်ပေါ်တက်တူးထိုးခြင်းလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဥပဒေအရရပ်တည်ပိုင်ခွင့် အခြေအနေကို လေ့လာတင်ပြခြင်း

နိဂုံး

ရည်ညွှန်းကိုးကားချက်များ

# ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည့် " 2017 Hun-Ma 1343 အမှုပါ ၅ " ကို လေ့လာတင်ပြခြင်းစာတမ်း

## နိဒါန်း

ယခုစာတမ်းကို ရေးသားပြုစုရာတွင် ဥပဒေပညာရပ်ဆိုင်ရာသုတေသန (Legal Research) ပြုခြင်းနှင့် ဥပဒေရေးရာဝေဖန်ပိုင်းခြားနိုင်သော စာပေပညာအရသုံးသပ်ခြင်း (The Legal Critical Literature Review) နည်းလမ်းနှစ်ခုပါဝင်ပြီး ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် ရိုးရာဆေးမင်ကြောင်ထိုးခြင်းကို ဒြပ်မဲ့မိရိုးဖလာယဉ်ကျေးမှုရိုးရာဓလေ့ (Intangible Cultural Heritage)အဖြစ် သတ်မှတ်လက်ခံထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခုစာတမ်းသည် ရိုးရာဆေးမင်ကြောင်ထိုးခြင်းပညာရပ်မှသည် ဆင့်ကဲဆင်းသက်လာသည့် တက်တူးထိုးခြင်းပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့်ကိစ္စနှင့်စပ်လျဉ်းသည့် ကိုရီးယားသမ္မတနိုင်ငံ၌ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းကို လေ့လာတင်ပြခြင်းဖြစ်ရာ၊ ကိုရီးယားသမ္မတနိုင်ငံကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရိုးရာဆေးမင်ကြောင်ထိုးခြင်းနှင့် ခေတ်ပေါ်တက်တူးထိုးခြင်းများသည်လည်း မြန်မာ့လူ့အသိုက်အဝန်းတွင်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ယခုစာတမ်းကို ရေးသားပြုစုရာတွင် မြန်မာ့ရိုးရာဆေးမင်ကြောင်ထိုးခြင်းနှင့် ပတ်သက်သည့်အကြောင်းအရာများနှင့် မြန်မာ့တိုင်းရင်းဆေးပညာကျန်းမာရေးအမြင်အရ ရိုးရာဆေးမင်ကြောင်ထိုးခြင်းကို စနစ်တကျဆောင်ရွက်ကြပုံကို ဖြည့်စွက်တင်ပြထားပါသည်။

အမျိုးသားစာပေတစ်သက်တာစာပေဆုရှင် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း ( ၁၀ ၊ နိုဝင်ဘာ ၊ ၁၉၂၈ – ၁၅ ၊ ဇူလိုင် ၊ ၂၀၂၁ ) ကိုယ်တိုင် ရေးသားပြုစုထားသည့် စာပေဗိမာန်က ပြည်သူ့လက်စွဲစာစဉ်အဖြစ် ၁၉၈၆ ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေခဲ့သော **"မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့"စာအုပ်**ကြောင့်လည်း ယခုစာတမ်းတွင်လိုအပ်နေသည့်အချက်အလက်များကို ပြည့်စုံအောင် ရည်ညွှန်းကိုးကားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သုတေသနစာတမ်းများပြုစုရာတွင်ဖြစ်စေ၊ အခြားအနေအထားတစ်ရပ်ရပ်တွင်ဖြစ်စေ မိရိုးဖလာရိုးရာယဉ်ကျေးမှုဓလေ့များနှင့်ဆက်စပ်၍ တင်ပြရမည့်အနေအထား ပေါ်ပေါက်လာလျှင်၊ မိရိုးဖလာယဉ်ကျေးမှုဓလေ့များကိုလက်ခံကျင့်သုံးသူများအပေါ် တစ်နည်းနည်းဖြင့်မထိခိုက်စေရန် ကရုတစိုက်လေ့လာဆောင်ရွက်ရန်တာဝန်ရှိလာပါသဖြင့်၊ ယခုစာတမ်းကိုရေးသားပြုစုရာတွင် လျော်ကန်သင့်မြတ်သည့်နည်းလမ်းဖြစ်သော သုတနှင့်ရသနှစ်မျိုးလုံးပါဝင်သည့် စာတမ်းပြုစုနည်းကို အသုံးပြုခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

## ၁။ ကိုရီးယားသမ္မတနိုင်ငံအကြောင်းအကျဉ်းချုပ်

တောင်ကိုရီးယားနိုင်ငံဟုလူသိများသော ကိုရီးယားသမ္မတနိုင်ငံ (Republic of Korea **(ROK)**) သည် အရှေ့အာရှရှိ ကိုရီးယားကျွန်းဆွယ်၏တောင်ဘက်တွင်တည်ရှိသည့် နိုင်ငံဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံကို **ပြည်နယ် (Provinces (*do*)) ၉ ခု** နှင့် ဘူဆန်(Busan)၊ ဒယ်ဂူး(Daegu)၊ ဒယ်ဂျီယွန်း(Daejeon)၊ ဂွမ်ဂျူး (Gwangju)၊ အင်ချွန်း(Incheon)၊ အူလ်ဆန်(Ulsan)၊ ဆိုးလ် (Seoul) ဟူသည့် **မက်ထရိုပိုလီတန်မြို့တော် (Metropolitan City (*gwangyoksi*) )**[1] **၇ ခု** ဖြင့် သတ်မှတ်ပိုင်းခြားထားပြီး၊ နိုင်ငံ၏မြို့တော်မှာ ဆိုးလ်မြို့တော်ဖြစ်သည်။[2] ဧရိယာစတုရန်းကီလိုမီတာ ၆၂၀၀ ကျယ်ဝန်းပြီး၊ ခန့်မှန်းခြေအားဖြင့် လူဦးရေ ၅၁ သန်းခန့် ရှိပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ တရားဝင်ငွေကြေးမှာ တောင်ကိုရီးယားဝမ် **( South Korean Won (₩))** ဖြစ်သည်။

ဒုတိယကမ္ဘာစစ်တွင် ကိုရီးယားနိုင်ငံကိုသိမ်းပိုက်ထားသော ဂျပန်တို့လက်နက်ချအပြီး ကိုရီးယားနိုင်ငံ၏မြောက်ပိုင်းကို ဆိုဗီယက်ပြည်ထောင်စုက သိမ်းပိုက်၍၊ တောင်ပိုင်းကို အမေရိကန်တို့က သိမ်းပိုက်ရာမှ နိုင်ငံသည် နှစ်ပိုင်းကွဲသွားခဲ့ပြီး ယခုအချိန်ထိ ပြန်လည်ပေါင်းစည်းနိုင်ခြင်း မရှိသေးပါ။ တောင်ပိုင်းသည် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယားနိုင်ငံ) ဖြစ်လာပြီး၊ မြောက်ပိုင်းသည် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ (Democratic People's Republic of Korea **(DPRK)**) (မြောက်ကိုရီးယားနိုင်ငံ)ဟု ဖြစ်လာပါသည်။ တောင်ကိုရီးယားနိုင်ငံနှင့်မြောက်ကိုရီးယားနှစ်နိုင်ငံကို နှစ်နိုင်ငံအကြား မြောက်လတ္တီကျု ၃၈ ဒီဂရီတွင် ၄ ကီလိုမီတာခန့် အကျယ်အဝန်းရှိသော စစ်မဲ့ဇုန် (**Demilitarized Zone (DMZ)**) တစ်ခုဖြင့် နယ်နိမိတ်ပိုင်းခြားထားသည်။[3]

ကိုရီးယားသမ္မတနိုင်ငံသည် အဆင့်မြင့်ကုန်ထုတ်လုပ်မှုစွမ်းရည်များကြောင့် လူသိများ၍ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်၍ အာရှတိုက်၏ စီးပွားရေးအတိုးတက်ဆုံးသော နိုင်ငံများစာရင်းတွင် ပါဝင်သည်။ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းများကို ပြည်ပသို့ အဓိကထား တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ့ဝင်ငွေရရှိသည်။

**"ကိုရီးယားဘာသာစကား"**သည် ကိုရီးယားသမ္မတနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည်။[4] နိုင်ငံ့လူဦးရေ၏ ၉၇.၇ % သည် ကိုရီးယားလူမျိုးဖြစ်ပြီး၊ တရုတ်၊ ဂျပန်၊ ထိုင်းစသော အခြားလူမျိုးများစွာလည်း နေထိုင်ကြပါသည်။[5] ကိုရီးယားသမ္မတနိုင်ငံ၌ သီးခြားလွတ်လပ်စွာတည်ရှိသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ရှိပြီး၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံ

---

[1] The word ***metropolitan*** comes from ***metropolis***, which in Greek means **Mother City (မိခင်မြို့တော်)**, made up of ***mētēr*** meaning mother, and ***polis*** meaning city. A person who lives in a metropolis, or city, is also called a *metropolitan*. https://www.vocabulary.com/dictionary/metropolitan /
Metro cities are large urban centres with dense populations, bustling economic activity, and extensive infrastructure. Non-metro cities, also known as smaller cities or tier-II and tier-III cities, encompass urban areas with fewer people compared to metros . https://www.godrejproperties.com/blog/metro-cities-vs-non-metro-cities

[2] https://apps.law.wustl.edu/GSLR/CitationManual/countries/southkorea.pdf

[3] https://thefactfile.org/south-korea-facts/

[4] Article 3 (1), Framework Act on Korean Language (2005), Republic of Korea

[5] https://www.britannica.com/place/South-Korea/Plant-and-animal-life

ဖြစ်သည်။[6] တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးပြီး၊ ဥပဒေစနစ်မှာ ဥရောပဥပဒေစနစ် (Civil Law System)ဖြစ်သည်။[7]

## ၂။ ကိုရီးယားသမ္မတနိုင်ငံတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပြီးသတ်သုံးသပ်နိုင်သည့် အခွင့်အာဏာ

၁၉၄၈ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ **"အခန်း-၅"သည် "တရားရုံးများ (The Courts)"အခန်းဖြစ်ပြီး၊ "အခန်း-၆"သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အခန်းဖြစ်သည်။** ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း-၆တွင် သီးသန့်ပြဋ္ဌာန်းထားပြီး၊ တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့ကို အဆင့်အတန်းတူအဖြစ် သတ်မှတ်ထားသည်။

ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း-၅၊ အပိုဒ် ၁၀၇ (၁) ၌ "တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ-မရှိ အငြင်းပွားမှုပေါ်ပေါက်ပါက အဆိုပါတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်ဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ အဆိုပါအမှုကိုဆုံးဖြတ်ပေးရမည်"ဟု ပြဋ္ဌာန်းထားသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၀၇ (၂) တွင် "အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် အုပ်ချုပ်ရေးအမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ သို့မဟုတ် ဥပဒေကြောင်းအရဖြစ်စေ အငြင်းပွားမှုပေါ်ပေါက်ပါက တရားလွှတ်တော်ချုပ်သည် အဆိုပါကိစ္စရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သို့မဟုတ် တရားဥပဒေနှင့်အညီ အပြီးသတ်သုံးသပ်ရန် အခွင့်အာဏာရှိစေရမည်**" ဟု ပြဋ္ဌာန်းထားသည်။

## ၃။ ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၁၉၄၈ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ **"အခန်း-၆"** သည် ဖွဲ့စည်းပုံ**အခြေခံဥပဒေဆိုင်ရာတရားရုံးနှင့်ပတ်သက်သည့် သီးသန့်အခန်း** ဖြစ်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို** ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သီးသန့်အခန်းဖြင့် ပြဋ္ဌာန်းထားပြီး၊ **သီးခြားလွတ်လပ်သည့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းတည်ထောင်သည်။**

၁၉၄၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၇ ခုနှစ်တွင် ပြင်ဆင်ခဲ့ပြီးနောက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၈၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် အတည်ပြုခန့်အပ်သည့် တရားသူကြီး ၉ ဦး

[6] https://www.korea.net/AboutKorea/Society/South-Korea-Summary
[7] https://apps.law.wustl.edu/GSLR/CitationManual/countries/southkorea.pdf

ဖြင့် ဖွဲ့စည်းတည်ထောင်သည်။ တရားသူကြီးများမှာ လွှတ်တော် (NationalAssembly)က ရွေးချယ်သည့် တရားသူကြီး ၃ ဦး၊ တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် တရားသူကြီး ၃ ဦး နှင့် နိုင်ငံတော်သမ္မတကရွေးချယ်သည့် တရားသူကြီး ၃ ဦး တို့ဖြစ်သည်။ တရားသူကြီး ၉ ဦးထဲမှ တစ်ဦးကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခန့်အပ်သည်။

**၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၁၁(၁)တွင် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

**(၁) တရားရုံးများကတင်သွင်းသည့်အခါ ဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ စိစစ်ခြင်း၊**

**(၂) စွပ်စွဲပြစ်တင်ခြင်း (Impeachment)၊**

**(၃) နိုင်ငံရေးပါတီတစ်ရပ်ကို ဖျက်သိမ်းခြင်း၊**

**(၄) နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ(State Agencies)အကြား၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများ(Local Governments)အကြား၊ ဒေသန္တရအစိုးရများအကြားဖြစ်ပွားသော လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ၊**

**(၅) ဥပဒေအရသတ်မှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများ။**

**(Constitutional Complaints as prescribed by Act)။**

**(၁)** ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၁၁ (၁) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များတွင် **" တရားရုံးများကတင်သွင်းသည့်အခါ ဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီစိစစ်ခြင်း"** ပါဝင်ပါသည်။

ဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ-မညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုင်လျှောက်ခြင်း **သို့မဟုတ်** တင်သွင်းခြင်းပြုရာတွင်_

၁၉၈၈ ခုနှစ် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ၏

**(က)** အပိုဒ် ၆၈ (၁) အရ တိုင်လျှောက်ခြင်း၊

**(ခ)** အပိုဒ် ၄၁ (၁) အရ တင်သွင်းခြင်း **(သို့မဟုတ်)** တိုင်လျှောက်ခြင်းနှင့်

**(ဂ)** အပိုဒ် ၆၈ (၂) အရ တိုင်လျှောက်ခြင်း ဟူ၍ အမျိုးအစား (၃) မျိုးရှိသည်။

**(က)** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ **အပိုဒ် ၆၈ (၁) အရ တိုင်လျှောက်ခြင်းသည်** လူပုဂ္ဂိုလ်တစ်ဦးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ပြဋ္ဌာန်းထားသည့် အခြေခံလူ့အခွင့်အရေး

တစ်ရပ်ရပ်ကို ချိုးဖောက်ခံရပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှု"Constitutional Complaint" **တိုက်ရိုက်တိုင်လျှောက်နိုင်ခြင်း**ဖြစ်သည်။ ဥပဒေအရ အခြားနည်းဖြင့်ကုစားခွင့်မရှိမှသာ ထိုသို့တိုင်လျှောက်နိုင်သည်။

**(ခ)** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ **အပိုဒ် ၄၁ (၁) အရ** အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ-မရှိ အငြင်းပွားမှုပေါ်ပေါက်လာပါက အဆိုပါမူလတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ မိမိသဘောဆန္ဒအရ တင်သွင်းနိုင်သည်။ **သို့မဟုတ်** မူလတရားရုံးက အမှုသည်၏သဘောဆန္ဒအရ အမှုသည်၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ ပေးပို့နိုင်သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ်၄၁ (၁) အရ _

- မူလတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံတိုက်ရိုက်တင်သွင်းခြင်းနှင့်
- မူလတရားရုံး၏အမှုသည်က မူလတရားရုံးမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံတိုင်လျှောက်ခြင်း နှစ်မျိုးရှိပါသည်။

မူလတရားရုံး၏အမှုသည်က မူလတရားရုံးမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံတိုင်လျှောက်ရာတွင်မူ မူလတရားရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၁ (၅) အရ **တရားလွှတ်တော်ချုပ်မှတစ်ဆင့်သာလျှင်** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ **ပေးပို့လျှောက်ထားရမည်။**

**(ဂ)** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၈ (၂) အရ တိုင်လျှောက်ခြင်းဆိုသည်မှာ _ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၁ (၁) အရ **မူလတရားရုံး၏အမှုသည်တစ်ဦးက** ပြဋ္ဌာန်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ **မူလတရားရုံးမှတဆင့်** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ **တိုင်လျှောက်လိုသော်လည်း၊ မူလတရားရုံးကလက်မခံဘဲငြင်းပယ်ပါက၊** အဆိုပါအမှုသည်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ **တိုက်ရိုက်တိုင်လျှောက်နိုင်ခြင်း**ဖြစ်သည်။

အထက်ပါနည်းလမ်းများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထားတင်ပြရာ၌ **ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်ပါ တစ်စိတ်တစ်ပိုင်းကိုသာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ-မညီ အဆုံးအဖြတ်ရယူလိုခြင်း ဖြစ်သော်လည်း၊** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စိစစ်ရာတွင် ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်၏ တစ်စိတ်တစ်ပိုင်းကိုသာမက၊ အဆိုပါပြဋ္ဌာန်းဥပဒေတစ်ရပ်လုံးကိုပါ ဖျက်သိမ်းသင့်ကြောင်း စိစစ်တွေ့ရှိပါက **ဥပဒေတစ်ရပ်လုံးကို ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။**[8]

[8] Article 45, Para-1 , Constitutional Court Act of Republic of Korean (1988)

(၂) ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁ (၂) အရ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များတွင် **စွပ်စွဲပြစ်တင်ခြင်း (Impeachment)နှင့်ပတ်သက်၍ ဆုံးဖြတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။**

စွပ်စွဲပြစ်တင်ခြင်း (Impeachment)ဆိုသည်မှာ “ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၆၅ (၁) အရ လွှတ်တော်က နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများ၏အကြီးအမှူးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများ၊ အခြားတရားသူကြီးများ၊ ဗဟိုရွေးကောက်ပွဲစီမံခန့်ခွဲမှုကော်မတီဝင်များ၊ စာရင်းစစ်ဆေးမှုနှင့်စုံစမ်းစစ်ဆေးရေးဘုတ်အဖွဲ့၏အဖွဲ့ဝင်များနှင့် ဥပဒေအရခန့်အပ်ထားသောပြည်သူ့အရာထမ်းများသည် ဥပဒေအရသတ်မှတ်ထားသည့် တရားဝင်တာဝန်များကို ထမ်းဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ **သို့မဟုတ်** အခြားတည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲပြစ်တင်နိုင်ခြင်း” ဖြစ်သည်။

ထိုသို့ လွှတ်တော်တွင် စွပ်စွဲပြစ်တင်ရာ၌ နိုင်ငံတော်သမ္မတမှတပါး အခြားပုဂ္ဂိုလ်များကို စွပ်စွဲပြစ်တင်နိုင်ရန် **လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး ၃ ပုံ ၁ ပုံ သဘောတူညီချက်ရရှိရန်လိုအပ်ပြီး** စွပ်စွဲပြစ်တင်မှုကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော်သဘောတူညီချက်ဖြင့် ဆုံးဖြတ်ရမည်။ နိုင်ငံတော်သမ္မတကိုစွပ်စွဲပြစ်တင်လိုပါက စွပ်စွဲပြစ်တင်နိုင်ရန် **လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော်သဘောတူညီချက်ကို ရရှိရန်လိုအပ်ပြီး၊ နိုင်ငံတော်သမ္မတအပေါ်**စွပ်စွဲပြစ်တင်မှုကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော်သဘောတူညီချက်ဖြင့် ဆုံးဖြတ်သည်။[9]

ထိုသို့စွပ်စွဲပြစ်တင်ခြင်းကို လွှတ်တော်တွင်ဆောင်ရွက်ရာတွင် လွှတ်တော်၏ ဥပဒေပြုရေးနှင့်တရားစီရင်ရေးကော်မတီဥက္ကဋ္ဌ (Chairperson of the Legislation and Justice Committee) က စွပ်စွဲပြစ်တင်ရေးကော်မရှင်နာ(Impeachment Commissioner)အဖြစ် ဆောင်ရွက်သည်။[10] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၉ (၂) အရ **စွပ်စွဲပြစ်တင်ရေးကော်မရှင်နာ**သည် စွပ်စွဲပြစ်တင်မှုအပေါ် လွှတ်တော်၏ဆုံးဖြတ်ချက်ကို အဆုံးအဖြတ်ရယူရန်အတွက် **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံပေးပို့၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်ကို ရယူရသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၀ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက လွှတ်တော်၏စွပ်စွဲပြစ်တင်ခြင်းအပေါ် အတည်ပြုကြောင်းဆုံးဖြတ်ချက် မချမှတ်သေးသရွေ့ လွှတ်တော်၏ စွပ်စွဲပြစ်တင်ခြင်းခံရသူမည်သူမဆို ၎င်း၏ မူလရာထူးနှင့်တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်ပိုင်ခွင့်ရှိသည်။

---

[9] Article 65, Para-2, Constitution of the Republic of Korea (1948)

[10] Article 49, Para-1, Constitutional Court Act of the Republic of Korea (1988)

**(၃)** ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁ (၃) အရ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏စီရင်ပိုင်ခွင့်များတွင် “**နိုင်ငံရေးပါတီတစ်ရပ်ကိုဖျက်သိမ်းခြင်း”နှင့်ပတ်သက်၍ ဆုံးဖြတ်ခြင်း** ပါဝင်သည်။

နိုင်ငံရေးပါတီတစ်ခု၏ ရည်ရွယ်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များသည် **ဒီမိုကရေစီအခြေခံအမိန့်**[11]နှင့် ဆန့်ကျင်နေပါက အစိုးရအဖွဲ့သည် ယင်းပါတီကို ဖျက်သိမ်းအရေးယူရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ ယင်းနိုင်ငံရေးပါတီကို ဖျက်သိမ်းရမည်။

ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၉ (၁၄) အရ နိုင်ငံရေးပါတီတစ်ရပ်ကို ဖျက်သိမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုဆောင်ရွက်ရန် အစိုးရအဖွဲ့သည် ရှေးဦးစွာ နိုင်ငံတော်ကောင်စီ (The State Council)သို့ ချိတ်ဆက်ဆောင်ရွက်ရမည်။

အစိုးရအဖွဲ့သည် နိုင်ငံရေးပါတီတစ်ရပ်ကိုဖျက်သိမ်းရေးအတွက် နိုင်ငံတော်ကောင်စီနှင့် ထိုသို့ ဆွေးနွေးညှိနှိုင်းမှုပြုပြီးနောက် အဆိုပါနိုင်ငံရေးပါတီကိုဖျက်သိမ်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၅ အရ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက နိုင်ငံရေးပါတီတစ်ရပ်ကိုဖျက်သိမ်းကြောင်း အမိန့်ချမှတ်သည့်အခါ နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းရမည်။

နိုင်ငံရေးပါတီအဖြစ်မှဖျက်သိမ်းကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်သည့်ဆုံးဖြတ်ချက်ကို အမျိုးသားရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်တာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၀ တွင် ပြဋ္ဌာန်းထားသည်။

**(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁ (၄) အရ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ (State Agencies)[12]အကြား၊ နိုင်ငံတော်အဆင့်**

[11] လွတ်လပ်သောဒီမိုကရေစီအခြေခံအမိန့် ( Free Democratic Basic Order **or** Dempcratic Basic order **(FDBO or DBO)** (*Original Korean term - jayuminjujeok gibon jilseo*) ဆိုသည်မှာ ဒီမိုကရေစီစနစ်၏အခြေခံအုတ် မြစ်ဖြစ်သော အခြေခံမူများနှင့် တန်ဖိုးများကို ရည်ညွှန်းသည်။ ( **မှတ်ချက်။** ကမ္ဘာ့နိုင်ငံများအနက် ဂျာမနီနှင့်တောင်ကိုရီးယားနှစ်နိုင်ငံတွင်သာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “Democratic Basic Order” ၏ သဘောတရားကို ပြဋ္ဌာန်းအသုံးပြုသည်။ )
**https://accesson.kr/kj/assets/pdf/8421/journal-57-2-5.pdf**

[12] နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ (State Agencies)ဆိုသည်မှာ ကိုရီးယားသမ္မတနိုင်ငံ၏ **၁၉၉၆ ခုနှစ် တရားဝင်သတင်းထုတ်ပြန်ခြင်းအက်ဥပဒေ (Official Information Disclosure Act)** ၏ အပိုဒ် ၃၊ အပိုဒ်ခွဲ (က) အရ အများပြည်သူ့ဝန်ဆောင်မှု (Public Service) အတွက် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများဖြစ်သည်။

**အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများ (Local Governments)[13]အကြား၊ ဒေသန္တရအစိုးရများအကြား ဖြစ်ပွားသော လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအပေါ် စီရင်ပိုင်ခွင့်ရှိသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁ (၄) အရ နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ဒေသန္တရအစိုးရတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁ (၄) အရ အငြင်းပွားမှုတစ်ရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ တိုင်လျှောက်နိုင်ပါသည်။

**(၅) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁(၅) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် "ဥပဒေအရသတ်မှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများ" (Constitutional Complaints) အပေါ် စီရင်ပိုင်ခွင့် ရှိသည်။**

ထို့ကြောင့် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကိုလည်း စီရင်ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိသည်။

## ၅။ စုံညီခုံရုံး

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၂၂ (၁) အရ ဥပဒေအရ အခြားနည်းလမ်းဖြင့်ပြဋ္ဌာန်းထားသည်မှတပါး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တိုင်လျှောက်မှုများကိုစုံညီခုံရုံး(Full Bench)ဖြင့်သာ ဆုံးဖြတ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၃၀ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် **" ပြဋ္ဌာန်းဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ-မညီ စိစစ်ခြင်း" နှင့် " ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှု (Constitutional Complaint)အပေါ် စိစစ်ခြင်း" တို့ကို ဆောင်ရွက်ရာတွင်** သာမန်အားဖြင့် နှစ်ဖက်အပြန်အလှန် **စာဖြင့်လျှောက်လဲတင်ပြနည်းဖြင့်သာ** စစ်ဆေးဆုံးဖြတ်လေ့ရှိသော်လည်း၊ လိုအပ်ပါက နှုတ်ဖြင့် နှစ်ဖက်အပြန်အလှန်လျှောက်လဲတင်ပြသည့်နည်းကို အသုံးပြု၍ စစ်ဆေးနိုင်သည်။

စုံညီခုံရုံးဖြင့်ဆုံးဖြတ်ရာတွင် တရားခွင်၏တရားသူကြီးအကြီးအမှူး "Presiding Justice" အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌက ဆောင်ရွက်ရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၂၃ (၁) အရ စုံညီခုံရုံးသို့ တရားသူကြီး ၇ ဦး သို့မဟုတ် ၇ ဦးထက်ပိုသော တရားသူကြီးများ တက်ရောက်မှသာ တရားခွင်အထမြောက်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၂၃ (၂) အရ စုံညီခုံရုံးသည် အမှုတစ်မှုကို သုံးသပ်ဆုံးဖြတ်ရာတွင် **ယင်းအမှုကို အပြီးသတ်သုံးသပ်ရာတွင် ပါဝင်သုံးသပ်ခဲ့သည့် တရားသူကြီးများ၏ များရာဆန္ဒမဲဖြင့်သာ ယင်းအမှုအပေါ် ဆုံးဖြတ်ချက်ချမှတ်ရမည်။ <u>သက်ဆိုင်ရာအမှု၌</u>**

---

[13] ဒေသန္တရအစိုးရများ (Local Governments) ဆိုသည်မှာ ကိုရီးယားသမ္မတနိုင်ငံ၏ ၁၉၄၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၇ (၂)နှင့် အညီ ပြဋ္ဌာန်းထားသည့် **၁၉၉၂ ခုနှစ် ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့်အက်ဥပဒေ (The Local Autonomy Act)** အရ သတ်မှတ်ထားသည့် ဒေသန္တရအစိုးရများကို ဆိုလိုသည်။

**<u>ယင်းအမှုအပေါ် အပြီးသတ်သုံးသပ်ခြင်း (Final Review)တွင် ပါဝင်သုံးသပ်ခြင်းပြုခဲ့သူမဟုတ်သည့် တရားသူကြီးများ၏ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်၍မရပါ။</u>** အမှုကို အပြီးသတ်သုံးသပ်ရာတွင် ပါဝင်သုံးသပ်ခဲ့သည့် တရားသူကြီးများ၏ မဲဆန္ဒသည် **အနည်းဆုံး** " ၅ ဦး မဲအသာရ - ၄ ဦး ကန့်ကွက်မဲပေးဆုံးဖြတ်ချက်" (5-to-4 Decision) ဖြစ်ရပါမည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၂၃ ခြွင်းချက်အပိုဒ်အရ **အောက်ပါ "ဆုံးဖြတ်ချက်များ"ကို ချမှတ်ရာတွင်** အမှုကိုအပြီးသတ်သုံးသပ်ရာတွင် ပါဝင်သုံးသပ်ခဲ့သည့် တရားသူကြီးများ၏ မဲဆန္ဒသည် **အနည်းဆုံး** " ၆ ဦးမဲအသာရ - ၃ဦးကန့်ကွက်မဲပေး ဆုံးဖြတ်ချက်" (6-to-3 Decision) ဖြစ်ရပါမည် _

(၁) ပြဋ္ဌာန်းဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း**မရှိ**ဟု ဆုံးဖြတ်ခြင်း၊ စွပ်စွဲပြစ်တင်ခြင်းကို **အတည်ပြုခြင်း** ၊ နိုင်ငံရေးပါတီတစ်ရပ်ကိုဖျက်သိမ်းရန်ဟု **အတည်ပြုခြင်း** (သို့မဟုတ်) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများ၌ တိုင်လျှောက်လာသည့်အတိုင်း လက်ခံသဘောတူ၍ ဆုံးဖြတ်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေများကို ကျင့်သုံးခြင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ၎င်း၏ယခင်ဆုံးဖြတ်ချက်များအပေါ် ကျော်လွန်ပယ်ဖျက်ခြင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁ (၁) တွင် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ပိုင်ခွင့်များအနက်_ **" နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအကြား၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများအကြား၊ ဒေသန္တရအစိုးရများအကြား ဖြစ်ပွားသောလုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ"ကိုဆုံးဖြတ်ခြင်းမှတစ်ပါး** _ အခြားကိစ္စများကို ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၎င်းထံ တင်သွင်းလာသည့်/ လျှောက်ထားလာသည့်အတိုင်း " **ထပ်တူလက်ခံသည့်ဆုံးဖြတ်ချက်မျိုးမဟုတ်ဘဲ၊ ငြင်းပယ်သည့်/ပယ်ချသည့်ဆုံးဖြတ်ချက်မျိုးချမှတ်ပါက "** အမှုကိုအပြီးသတ်သုံးသပ်ရာတွင် ပါဝင်သုံးသပ်ခဲ့သည့် တရားသူကြီးများ၏ ဆန္ဒမဲသည် အနည်းဆုံး 6-to-3 Decision ရရှိရန်မလိုအပ်ဘဲ၊ ထက်ဝက်ကျော်ဆန္ဒမဲ 5-to-4 Decision ရရှိရန်သာလိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၁၁ (၄) ပါ " နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအကြား၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများအကြား၊ ဒေသန္တရအစိုးရများအကြား ဖြစ်ပွားသောလုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ"အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၎င်းထံ**တိုင်လျှောက်လာသည့်အတိုင်း လက်ခံအတည်ပြု၍ဆုံးဖြတ်သည်ဖြစ်စေ သို့မဟုတ် ငြင်းပယ်သည့်/ပယ်ချသည့်ဆုံးဖြတ်ချက်ချမှတ်သည်ဖြစ်စေ** အမှုကိုအပြီးသတ်သုံးသပ်ရာတွင် ပါဝင်သုံးသပ်ခဲ့သည့် တရားသူကြီးများ၏ ဆန္ဒမဲသည် အနည်းဆုံးထက်ဝက်ကျော်ဆန္ဒမဲ "**5-to-4 Decision" ရရှိရန်သာလိုသည်။**

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအနေဖြင့် “ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအကြား၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများအကြား၊ ဒေသန္တရအစိုးရများအကြားဖြစ်ပွားသောလုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ” **( Intragovernmental Jurisdictional Disputes )အပေါ် ဆုံးဖြတ်ရာတွင်မူ** တရားသူကြီးများ၏ဆန္ဒမဲကိုရယူရာ၌ အမှုကိုအပြီးသတ်သုံးသပ်ရာတွင်ပါဝင်သုံးသပ်ခဲ့သည့်တရားသူကြီးများ၏ဆန္ဒမဲသည် အနည်းဆုံးထက်ဝက်ကျော် ဆန္ဒမဲ **“5-to-4 Decision” ရရှိရန်သာလိုပြီး** (Simple majority)စနစ်ကိုကျင့်သုံးပါကြောင်းနှင့် **ကျန် ကိစ္စရပ်များကိုဆုံးဖြတ်ရာတွင်မူ** ဆန္ဒမဲရယူရာ၌ အမှုကိုအပြီးသတ်သုံးသပ်ရာတွင် ပါဝင်သုံးသပ်ခဲ့သည့်တရားသူကြီးများ၏ဆန္ဒမဲသည် **အနည်းဆုံး** “ ၆ ဦးမဲအသာရ - ၃ဦးကန့်ကွက်မဲပေးဆုံးဖြတ်ချက်” **“ 6-to-4 Decision” ဖြစ်ရန်လို**ပြီး (Two-Thirds Majority)စနစ်ကို ကျင့်သုံးပါကြောင်း တွေ့ရှိရသဖြင့်_ ဆုံးဖြတ်ချက်အပေါ် တရားသူကြီးများ၏ဆန္ဒမဲရယူရာတွင် အမှုအမျိုးအစားအလိုက်**“ အနည်းဆုံးရရှိရန်လိုအပ်သည့်ဆန္ဒမဲသတ်မှတ်ချက် ”** မတူညီ၊ ကွဲပြားကြောင်း လေ့လာတွေ့ရှိရသည်။

**၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်၏အကျိုးသက်ရောက်မှု**

**(Effect of Decision)**

**(က)** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၇ (၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြဋ္ဌာန်းဥပဒေတစ်ရပ်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ပြဋ္ဌာန်းဥပဒေတစ်ရပ်လုံးကိုဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ဆုံးဖြတ်လျှင် ထိုသို့**ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်ကြောင်း ဆုံးဖြတ်ခြင်းခံရသည့် ပြဋ္ဌာန်းဥပဒေ၏အစိတ်အပိုင်းသည် ပြဋ္ဌာန်းဥပဒေ၏အစိတ်အပိုင်းအဖြစ်မှလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်ကြောင်း ဆုံးဖြတ်ခြင်းခံရသည့် ပြဋ္ဌာန်းဥပဒေတစ်ရပ်လုံးသည် ဥပဒေအဖြစ်မှလည်းကောင်း **အလိုအလျောက်ပျက်ပြယ်သည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၇ (၁) အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးက ပြဋ္ဌာန်းဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ-မညီ ဆုံးဖြတ်ချက်သည် မူလတရားရုံးများ၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအားလုံးနှင့် ဒေသန္တရအစိုးရများအားလုံးအပေါ် စည်းနှောင်မှုရှိသည်။

**(ခ)** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက လွှတ်တော်၏စွပ်စွဲပြစ်တင်ခြင်းကို အတည်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသည့် စွပ်စွဲပြစ်တင်ခြင်းခံရသူကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက **ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရာထူးမှဖယ်ရှားရမည်** ဖြစ်ပြီး၊ လွှတ်တော်က စွပ်စွဲပြစ်တင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်ဖြင့် ရာထူးဖယ်ရှားခြင်းခံရသူသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ **၅ နှစ်တာကာလအတွင်း နိုင်ငံတော်၏မည်သည့်ရာထူးကိုမျှ လက်ခံရယူခြင်းမပြုရ**ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၄ (၂) တွင် ပြဋ္ဌာန်းထားသည်။

**(ဂ)** နိုင်ငံရေးပါတီအဖြစ်မှဖျက်သိမ်းကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်သည့်ဆုံးဖြတ်ချက်ကို **အမျိုးသားရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်တာဝန်ရှိသည်**ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၀ တွင် ပြဋ္ဌာန်းထားသည်။

**(ဃ)** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၆ (၁) အရ နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ဒေသန္တရအစိုးရတစ်ရပ်ရပ်၏ လုပ်ပိုင်ခွင့်အပေါ် အငြင်းပွားမှုနှင့် ပတ်သက်၍ တိုင်လျှောက်မှုများအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့်သက်ဆိုင်စေရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၇ (၁) အရ နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ဒေသန္တရအစိုးရတစ်ရပ်ရပ်က တိုင်လျှောက်လာသည့် တိုင်လျှောက်မှုများအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် နိုင်ငံတော်အဆင့်အဖွဲ့အစည်းအားလုံးနှင့် ဒေသန္တရအစိုးရအားလုံးအပေါ် စည်းနှောင်မှုရှိသည်။

**(င)** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၇၅ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုများ (Constitutional Complaints) အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်သည် နိုင်ငံတော်အဆင့်အဖွဲ့အစည်းအားလုံးနှင့် ဒေသန္တရအစိုးရအားလုံးအပေါ် စည်းနှောင်မှုရှိသည်။

**၇။ “ 2017 Hun-Ma 1343 အမှုပါ ၅”အကြောင်း လေ့လာတင်ပြခြင်း**

ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ယခုစာတမ်းတင်ပြပါ “2017 Hun-Ma 1343”အမှု အပါအဝင် သဘောတရားတူ အခြားအမှု ၅ မှုဖြစ်သည့် “2019 Hun-Ma 993”အမှု၊ "2020 Hun-Ma 989"အမှု၊ "2020 Hun-Ma 1486"အမှု၊ "2021 Hun-Ma 1213”အမှုနှင့် “2021 Hun-Ma 1385” အမှုများကို ၂၀၂၂ ခုနှစ်တွင် တစ်ပေါင်းတည်း စုစည်းဆုံးဖြတ်ခဲ့ပါသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအက်ဥပဒေ (Medical Service Act)ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၁ ရက် ရက်နေ့တွင် အက်ဥပဒေအမှတ် - ၁၄၄၃၈ဖြင့် အဆိုပါဥပဒေကို အလုံးစုံပြင်ဆင်သည့်(Wholly Amended)အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ အက်ဥပဒေသစ်အရ ယခင်က ကိုရီးယားသမ္မတနိုင်ငံတွင် တက်တူးထိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် အက်ဥပဒေသစ်ပါသတ်မှတ်ချက်များအရ **ဆေးဘက်ဆိုင်ရာ**

**ကျွမ်းကျင်သူပညာရှင် (Medical Provider)**[14]မဟုတ်ပါက အခြားသူများကို တက်တူးထိုးပေးခွင့် မရှိတော့ပါ။

ထို့အပြင် ၁၉၆၉ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ပြဋ္ဌာန်းသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရာဇဝတ်မှုများထိန်းချုပ်ရေးအထူးစီမံချက်အက်ဥပဒေ (The Act on Special Measures for the Control of Public Health Crimes) (အက်ဥပဒေအမှတ်-၂၁၃၇) ၏ အပိုဒ် ၅ သည် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအက်ဥပဒေကိုပြင်ဆင်သည့်အက်ဥပဒေ (၂၀၀၇) ၏ အပိုဒ် ၂၇ နှင့် သဘောတရားဆက်နွယ်၍ ပြဋ္ဌာန်းထားပါသည်။ အဆိုပါအက်ဥပဒေ၏ အပိုဒ် ၅ ကိုလည်း ၂၀၁၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင်ပြဋ္ဌာန်းသည့် အက်ဥပဒေအမှတ် ၁၀၅၇၉ ဖြင့် ထပ်မံပြင်ဆင်၍ တရားမဝင်တက်တူးထိုးပေးသူများကို အပြစ်ပေးနိုင်မည့် ပြစ်ဒဏ်များနှင့် ငွေဒဏ်များကို တိုးမြှင့်ခဲ့သည်။

ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်များ (Medical Providers) အနေဖြင့်လည်း ကိုရီးယားသမ္မတနိုင်ငံကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီး (**Minister** of Health and Welfare) က ထုတ်ပေးသည့် လိုင်စင် (License) မရရှိထားပါက တက်တူးထိုးပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်မရှိပါ။ သို့ပါ၍ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအက်ဥပဒေကို ပြင်ဆင်ချက်အက်ဥပဒေသစ် ထုတ်ပြန်ချိန်တွင် ကိုရီးယားသမ္မတနိုင်ငံတွင် တက်တူးထိုးပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူအများစုသည် Medical Provider လည်းမဟုတ်၍ လိုင်စင်ရယူရန်မဖြစ်နိုင်တော့ပါ။

Medical Service Act ကို ပြင်ဆင်ချက်အက်ဥပဒေ အပိုဒ် ၂ တွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်ဆိုသည်မှာ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီး (Minister of Health and Welfare)ကထုတ်ပေးသည့်လိုင်စင် လက်ဝယ်ရရှိကိုင်ဆောင်ထားသည့် အထူးကုသမားတော် (Physi cian) ၊ သွားဆရာ (Dentist) ၊ အရှေ့တိုင်းဆရာဝန် (Oriental Medical Doctor)၊ သားဖွားဆရာမ (Midwife) နှင့် သူနာပြု (Nurse) တစ်ဦးဦးကို ဆိုလိုကြောင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

Medical Service Act ကို ပြင်ဆင်ချက်အက်အက်ဥပဒေသစ် အပိုဒ် ၉ အရ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်များသည်  ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီး (Minister of Health and Welfare)က ဦးစီးကျင်းပသည့်စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးမှသာ ဆေးကုသခွင့်လိုင်စင်ကို ရရှိကြသည်။ ထို့ကြောင့် Medical Provider တစ်ဦးဖြစ်ရန်နှင့် သူတပါးကိုတက်တူးထိုးပေးနိုင်ရန် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်လိုင်စင်ရယူရန်သည် လွယ်ကူခြင်းမရှိကြောင်း လေ့လာတွေ့ရှိရသည်။

သို့ပါ၍ တက်တူးထိုးပေးခြင်းလုပ်ငန်းလုပ်ကိုင်နေရာမှ လုပ်ငန်းရပ်စဲလိုက်ရသူများစွာ ရှိလာခဲ့သည်။ ထို့အပြင် ၁၉၅၁ ခုနှစ် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအက်ဥပဒေ၏ ဆက်စပ်အက်ဥပဒေ

[14] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်တွင် 'Medical Provider" ဟု သုံးထားပြီး၊ ကိုရီးယားနိုင်ငံ၏ တရားဝင်အင်တာနက်စာမျက်နှာအချို့နှင့် တရားဝင်သတင်းစာအချို့တွင် 'Medical Personnel" နှင့် "Medical Professional" ဟု သုံးနှုန်းရေးသားမှုများကိုလည်း လေ့လာတွေ့ရှိရပါသည်။ အဓိပ္ပာယ်ဆိုလိုရင်း အတူတူဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖြစ်သော ၁၉၆၉ ခုနှစ် ပြည်သူ့ကျန်းမာရေးဆိုင်ရာရာဇဝတ်မှုများထိန်းချုပ်ရေးအထူးစီမံချက် အက်ဥပဒေကိုလည်းထပ်မံပြင်ဆင်၍ တရားမဝင်တက်တူးထိုးပေးသူများကိုအပြစ်ပေးနိုင်မည့် ပြစ်ဒဏ်နှင့်ငွေဒဏ်များကို တိုးမြှင့်ခဲ့သည့်အတွက် တရားရုံးက ထောင်ဒဏ်နှင့်ငွေဒဏ်ချမှတ်ခံရသူ များစွာရှိလာခဲ့သည်။

ထို့ကြောင့် တက်တူးထိုးခြင်းဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများက ၁၉၅၁ ခုနှစ် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအက်ဥပဒေကိုပြင်ဆင်သည့်အက်ဥပဒေသစ်နှင့် ယင်းဥပဒေနှင့်ဆက်စပ်နေသော ၁၉၆၉ ခုနှစ် ပြည်သူ့ကျန်းမာရေးဆိုင်ရာရာဇဝတ်မှုများထိန်းချုပ်ရေးအထူးစီမံချက်အက်ဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေသစ်များသည် ၎င်းတို့၏ လွတ်လပ်စွာလုပ်ငန်းရွေးချယ်ပိုင်ခွင့်နှင့် အခြားအခွင့်အရေးများ (Freedom of Occupational Choice & Other Rights)ကို ထိခိုက်ပါသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ **<u>အပိုဒ် ၆၈(၁) အရ</u>** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှု (Constitutional Complaint) တိုက်ရိုက်တိုင်လျှောက်ခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ **<u>အပိုဒ် ၆၈ (၁) အရ တိုင်လျှောက်ခြင်းဆိုသည်မှာ</u>** _ လူပုဂ္ဂိုလ်တစ်ဦးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် အခြေခံလူအခွင့်အရေးတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းခံရပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှု “Constitutional Complaint”ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးထံ **တိုက်ရိုက်တိုင်လျှောက်နိုင်ခြင်း** ဖြစ်သည်။

## ၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ထုတ်နုတ်ခဲ့သည့် ငြင်းချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အောက်ပါငြင်းချက်များကို ထုတ်နုတ်ခဲ့ပါသည်_

(၁) ၂၀၁၇ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် အက်ဥပဒေအမှတ်-၈၃၆၆ ဖြင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအက်ဥပဒေ (Medical Service Act)ကို အလုံးစုံပြင်ဆင်သည့် (Wholly Amended)အက်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး၊ အဆိုပါအက်ဥပဒေ အပိုဒ် ၂၇၊ အပိုဒ်ခွဲ (၁) တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များ**နှင့်** ၂၀၁၁ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ တွင် ပြဋ္ဌာန်းခဲ့သည့် အက်ဥပဒေအမှတ် ၁၀၅၇၉ ဖြင့် "ပြည်သူ့ကျန်းမာရေးဆိုင်ရာရာဇဝတ်မှုများထိန်းချုပ်ရေး အထူးစီမံချက်အက်ဥပဒေ" (The Act on Special Measures for the Control of Public Health Crimes”) ကို ပြင်ဆင်သည့်အက်ဥပဒေ အပိုဒ် ၅ ၊ အပိုဒ်ခွဲ ၁ တွင် ပြဋ္ဌာန်းထားသောပြဋ္ဌာန်းချက်များ ( *ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအက်ဥပဒေ အပိုဒ် ၂၇ နှင့် ဆက်နွယ်နေသော ဥပဒေပြဋ္ဌာန်းချက်များ* ) သည် **တိုင်လျှောက်သူများ၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်ခြင်း ရှိ-မရှိ၊**

(၂) ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်မဟုတ်သူများက တက်တူးထိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်နိုင်ရန် လိုအပ်သည့် အရည်အချင်းများ (Qualificati-

ons)နှင့် လိုအပ်ချက်များ (Requirements)ကို **ဥပဒေပြုလွှတ်တော်က ဥပဒေပြုရန် ပျက်ကွက်မှု (Legislative Failure) မြောက်-မမြောက်။**

**၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုံးသပ်ချက်များ**

**(က) ပထမငြင်းချက်အပေါ်သုံးသပ်ချက်**

တက်တူးထိုးခြင်းလုပ်ငန်းစဉ် (Tattooing Procedure) သည် လူ့အရေပြားကို ဆေးထိုးအပ် အသုံးပြု၍ ရောင်ခြယ်ပစ္စည်း (Pigment) ထိုးသွင်းရခြင်းဖြစ်သည့်အတွက် လူ့အရေပြား၏ ကြံ့ခိုင်သန်စွမ်းမှုကို ထိခိုက်စေနိုင်ကြောင်း၊ တက်တူးထိုးခြင်းကြောင့် ရောဂါကူးစက်ခြင်း (Infect-ion)နှင့် ဆိုးဆေးထိုးသွင်းခြင်းကြောင့် ရရှိလာသည့် ဘေးထွက်ဆိုးကျိုးများ (Side Effects Resulting from the Injection of DYE ) စသော ဆိုးရွားနစ်နာမှုများကိုလည်း ဖြစ်ပွားစေနိုင်ကြောင်း၊ တက်တူးထိုးခြင်းကြောင့် ဖြစ်နိုင်ခြေရှိသောအန္တရာယ်များသည် တက်တူးထိုးခံသူ ကိုယ်တိုင်ကိုသာမက၊ အများပြည်သူ့ကျန်းမာကြံ့ခိုင်ရေး (Public Sanitation)ကိုထိခိုက်စေခြင်းနှင့် လူ့တစ်ကိုယ်ရေသန့်ရှင်းမှု (Hygiene) ကိုထိခိုက်စေခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ တက်တူးထိုးခြင်းနည်းစနစ်ကို အသုံးပြု၍ လူ့ခန္ဓာကိုယ်ပေါ်တွင် ကာလရှည်ကြာစွဲထင်စေရန် ပန်းချီဆေးခြယ်ခြင်း (Semi-Permanent Makeup) သည်လည်း တက်တူးထိုးခြင်းကဲ့သို့ ဘေးအန္တရာယ်ဖြစ်စေမှုချင်း ထပ်တူဖြစ်ကြောင်း” တရားရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး၊ အထက်ပါအချက်များကြောင့် အမှုတွင်အငြင်းပွားနေသော “ Medical Provider မဟုတ်သူများကို သူတပါးကိုတက်တူးထိုးပေးခွင့် ခွင့်ပြုရန် သင့်-မသင့် သဘောတရား”အပေါ်သုံးသပ်ပါက သူတပါးကိုတက်တူးထိုးပေးခြင်းဆောင်ရွက်ခွင့်ကို “Medical Provider” များကိုသာခွင့်ပြုသင့်သည့်လုပ်ငန်းအမျိုးအစားဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

တိုင်လျှောက်သူများက “အခြားရွေးချယ်ရန်နည်းလမ်းတစ်ခုအနေဖြင့် **Medical Provider မဟုတ်သူများအတွက် တက်တူးထိုးခြင်းအလုပ်ဆောင်ရွက်နိုင်ရန် အရည်အချင်းသတ်မှတ်ချက်မူဘောင် (A Qualifications Framework) တစ်ရပ်ကို သီးခြားဆောင်ရွက်ပေးခြင်းကို ခွင့်ပြုသင့်ပါသည်” ဟု ရုံးတော်သို့ တင်ပြခဲ့သည်။**

အဆိုပါတင်ပြချက်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သုံးသပ်ရာတွင်_

“ လျှောက်ထားသူများ တင်ပြလာသကဲ့သို့သာ ခွင့်ပြုလက်ခံလိုက်ပါက လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ကျန်းမာရေး၊ လူ့တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးယောက်ချင်းစီ၏ ကျန်းမာရေးဆိုင်ရာ ဘေးဥပါဒ်အန္တရာယ်ဖြစ်တန်စွမ်းများကို လက်ခံရယူရန် ရုံးတော်သို့ လက်သင့်ခံခိုင်းခြင်းဟူသောသဘော သက်ရောက်ပါသည်။ **တက်တူးထိုးပေးခြင်းဆောင်ရွက်မှုအပေါ် ကန့်သတ်ချုပ်ချယ်ထားသည့် ဆေးဘက်ဆိုင်ရာအသိပညာ (Medical Knowledge)နှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်မှုများ(Medical Skills)သည် ဥပဒေ၌ ထီးတည်းတည်ရှိနေရခြင်း ဆိုသည်မှာလည်း _** “Medical Provider” မဟုတ်သူများက Medical Provider များ တက်တူးထိုးပေးသကဲ့သို့ ဘေးဥပါဒ် ကင်းနိုင်ပါမည်ဟု အာမခံချက်ပေးနိုင်သည့်အနေအထားမရှိနိုင်ခြင်းကြောင့်လည်းကောင်း၊ အကယ်၍ တက်တူး

ထိုးနေစဉ်အချိန်နှင့် တက်တူးထိုးပေးပြီးနောက် တစ်စုံတစ်ရာဖြစ်ပေါ်လိုအပ်ချက် ရှိလာမည်ဆိုလျှင်၊ Non-Medical Providers များအနေဖြင့် Medical Providers များကဲ့သို့ ဆေးဘက်ဆိုင်ရာအစီအမံများ (Medical Measures)ကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည်ဟု အာမခံနိုင်မည် မဟုတ်ကြောင်း” တရားရုံးက ထပ်မံသုံးသပ်ခဲ့သည်။

ထို့အပြင် တက်တူးထိုးခြင်းအလုပ်ဆောင်ရွက်နိုင်ရန် အရည်အချင်းသတ်မှတ်ချက်မူဘောင်တစ်ရပ်သီးခြားဆောင်ရွက်ခြင်းကို ခွင့်ပြုလိုက်မည်ဆိုပါက – တက်တူးထိုးခြင်းနည်းစနစ်များကို သုတေသနပြုဖော်ထုတ်ရခြင်း၊ တက်တူးထိုးပေးမည့်လုပ်ငန်းဝန်းကျင်ရပ်ဝန်း (Environment)ကို သတ်မှတ်ပေးရခြင်းနှင့် တက်တူးထိုးပေးခြင်းပြုလုပ်မည့် လူပုဂ္ဂိုလ်များ၏ အရည်အချင်းများကို သတ်မှတ်ပေးရခြင်းဟူသော လုပ်ငန်းစဉ်များကို စည်းမျဉ်းစည်းကမ်းများသတ်မှတ်ထုတ်ပြန်ပေးရန်နှင့် စီမံကြီးကြပ်ကွပ်ကဲရန်အလို့ငှာ စီမံခန့်ခွဲခြင်းနှင့်ဖန်တီးပုံဖော်ခြင်းဟူသော လုပ်ငန်းနှစ်ခုကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် စနစ်သစ်တစ်ရပ် တည်ထောင်ရမည်ဖြစ်ရာ၊ နိုင်ငံတော်၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအသုံးစရိတ်များ များစွာကုန်ကျနိုင်ကြောင်း တရားရုံးက သုံးသပ်ခဲ့ပါသည်။

“Medical Service Act ၏ ဥပဒေပြုရေးရည်ရွယ်ချက်ကို အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ ၊ Medical Service Act ပါ ဥပဒေပြဋ္ဌာန်းချက်အများစုကို ခြုံငုံ၍ အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ ၊ Medical Service Act ပါ Medical Providers များ၏ ကျွမ်းကျင်မှုဆိုင်ရာတာဝန်များ (Professional Duties)နှင့် စပ်လျဉ်းသော ဥပဒေပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ ၊ **“ဆေးကုသမှုအပြုအမူ”** ဟူသောစကားစုအပေါ်အယူအဆ (The Concept of the Phrase “Medical act”)နှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် တရားလွှတ်တော်ချုပ်၏ စီရင်ချက်များကို အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ ၊ Medical Provider မဟုတ်ဘဲ တက်တူးထိုးပေးခြင်းဆောင်ရွက်ပါက လူ့ကျန်းမာရေး၊ လူ့တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အများပြည်သူ့ကျန်းမာရေးအတွက် ဘေးအန္တရာယ်များ (Hazards) ဖြစ်စေနိုင်သည်ဟု တိတိကျကျ အဓိပ္ပာယ်ကောက်ယူနိုင်သည်”ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုသုံးသပ်ခဲ့သည်။

ထို့အတူ ရောဂါရှာဖွေရန်အတွက် ဆေးဘက်ဆိုင်ရာကျွမ်းကျင်မှုအပေါ်အခြေခံသည့် အတွေ့အကြုံနှင့်ကျွမ်းကျင်မှုများကို အသုံးချခြင်းဖြင့် နာမကျန်းဖြစ်ခြင်းများကိုကာကွယ်ပေးသည့်ဖြစ်စဉ်နှင့် (Treatment) ကုသပေးသည့်ဖြစ်စဉ်စသည့် ဆေးပညာလုပ်ငန်းသဘောတရားများကို အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ၊ ပြင်ပလူနာသေဆုံးမှုစစ်ဆေးခြင်း(External Postmortem Examination)ဟူသော ဆေးပညာလုပ်ငန်းသဘောကို အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ၊ ဆေးညွှန်းခြင်းဟူသော ဆေးပညာလုပ်ငန်းသဘောကို အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ၊ သို့မဟုတ် ခွဲစိတ်မှုပြုလုပ်ခြင်းလုပ်ငန်းစဉ် (Surgical Procedure)ကို ဆောင်ရွက်ခြင်းဟူသော ဆေးပညာလုပ်ငန်းသဘောကို အနက်အဓိပ္ပာယ်ကောက်ယူလျှင်ဖြစ်စေ၊ အထက်စာပိုဒ်၌ အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့်အတိုင်း **“Medical Provider မဟုတ်ဘဲ တက်တူးထိုးပေးခြင်းဆောင်ရွက်ပါလျှင် လူ့ကျန်းမာရေး၊ လူ့တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အများပြည်သူ့ကျန်းမာရေးအတွက် ဘေးအန္တရာယ်**

**များဖြစ်စေနိုင်သည်ဟူသောအချက်**”ကို **တိတိကျကျအဓိပ္ပာယ်ကောက်ယူသုံးသပ်နိုင်သည်ဖြစ်သည်** ဟု တရားရုံးက ထပ်မံသုံးသပ်ခဲ့သည်။

**(ခ) ဒုတိယငြင်းချက်အပေါ်သုံးသပ်ချက်**

ဥပဒေပြုရေးမဏ္ဍိုင်မှ ဥပဒေပြုရန်ပျက်ကွက်မှု (Legislative Failure) မြောက်-မမြောက် စိစစ်ရာတွင်လည်း ကိုးရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အောက်ပါအတိုင်း သုံးသပ်ခဲ့သည်_

“ Medical Provider မဟုတ်သူများကို အသက်မွေးဝမ်းကျောင်းပြုသည့် (Professional Practice)အနေဖြင့် သူတပါးကိုတက်တူးထိုးပေးခြင်း ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် အရည်အချင်းများနှင့် လိုအပ်ချက်များ (Qualifications and Requirements)နှင့် ပတ်သက်စပ်လျဉ်း၍ **ဥပဒေပြုပိုင်ခွင့်အခွင့်အာဏာကို** ဥပဒေပြုလွှတ်တော်ထံ အတိအလင်း အပ်နှင်းထားသည့် ဥပဒေအရသတ်မှတ်ပေးသည့်အကြောင်းအရာကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မည်သည့်နေရာတွင်မှ ကျွန်ုပ်တို့အနေဖြင့် မတွေ့ရှိရပါ”ဟုလည်းကောင်း၊

“လွှတ်တော် (National Assembly) အနေဖြင့် တက်တူးထိုးခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အရည်အချင်းသတ်မှတ်ချက်မူဘောင်တစ်ရပ် တည်ထောင်ခွင့်ပြုရန် သင့်-မသင့် ဆုံးဖြတ်သတ်မှတ်ရာတွင်၊ နိုင်ငံတော်၏ လူမှုရေးနှင့်စီးပွားရေးကဏ္ဍများကို အကျိုးရှိစေခြင်း ရှိ-မရှိသဘောတရားနှင့် ချိတ်ဆက်စဉ်းစားသုံးသပ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် သဘောရရှိသည်”ဟု လည်းကောင်း၊

“ဥပဒေပြုလွှတ်တော်အနေဖြင့် _ တက်တူးထိုးပေးခြင်းလုပ်ငန်းဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်မူဘောင်တစ်ရပ်ကို သီးခြားဖန်တီးခွင့်ပေးခြင်းကို ပြုသင့်-မပြုသင့် ကိစ္စရပ်နှင့် ပတ်သက်၍ ဥပဒေပြုရန်ဆောင်ရွက်ရာတွင် **သမ္မာသတိကပ်၍ ဆောင်ရွက်ရမည်ဖြစ်သည်ဟု အပြီးသတ်** သုံးသပ်ခဲ့ပါသည်။

**၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်**

၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် (5-to-4 Decision) ဖြင့် တိုင်လျှောက်သူများအကြောင်းပြသည့်ငြင်းချက်များကို ပယ်၍ အောက်ပါအတိုင်းဆုံးဖြတ်ခဲ့သည်။

“ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အနက်အဓိပ္ပာယ်ဖွင့်ဆိုပါက _ **လွှတ်တော်တွင်** “ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်မဟုတ်သူများက သူတပါးကိုတက်တူးထိုးပေးခြင်းလုပ်ဆောင်နိုင်ရန် အရည်အချင်းသတ်မှတ်ချက်မူဘောင်တစ်ရပ် သီးခြားသတ်မှတ်ခွင့်ပြုခြင်း”ကိစ္စရပ်နှင့်ပတ်သက်၍ **ဥပဒေပြုပိုင်ခွင့်တာဝန်ဝတ္တရားမရှိ”** ဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။

ထို့အပြင် **"**ဥပဒေပြုလွှတ်တော်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး (National Health)၊ လူ့တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အများပြည်သူ့ကျန်းမာရေးစသော အကျိုးစီးပွားများအတွက် Medical Providers များကသာလျှင် သူတပါးကို တက်တူးထိုးပေးခြင်းဆောင်ရွက်ရန် ခွင့်ပြုသင့်ပြီး၊ **အခြားနည်းဖြင့်ရွေးချယ်ခွင့်ပြု၍ ဥပဒေပြုရန် လုံးဝမသင့်လျော်ပါကြောင်းနှင့် အခြားနည်းလမ်းတစ်ခုခုဖြင့် တက်တူးထိုးပေးခြင်းခွင့်ပြုလိုက်ပါက** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီကြောင်း" တရားရုံးက ထပ်မံဆုံးဖြတ်ခဲ့သည်။

တိုင်လျှောက်သူများက_ **"လက်ရှိထုတ်ပြန်ထားသော ဥပဒေပြဋ္ဌာန်းချက်များသည် အလွန်အကျွံကန့်သတ်ထားမှုရှိနေပြီး၊ ဥပဒေပြုစည်းမျဉ်းစည်းကမ်းကို ချိုးဖောက် ထားသည့်ဥပဒေပြဋ္ဌာန်းချက်များဖြစ်ကြောင်း"** လျှောက်လဲတင်ပြခဲ့သည်။

တရားရုံးက "လက်ရှိထုတ်ပြန်ထားသော တည်ဆဲဥပဒေပြဋ္ဌာန်းချက်များသည် အလွန်အကျွံကန့်သတ်ထားမှုမရှိဘဲ၊ ဥပဒေပြုစည်းမျဉ်းစည်းကမ်းကိုချိုးဖောက်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များ မဟုတ်၍ တိုင်လျှောက်သူများ၏ လွတ်လပ်စွာလုပ်ငန်းရွေးချယ်ခွင့် (The Freedom of Occupational Choice)ကို ချိုးဖောက်ခြင်းမရှိကြောင်း၊ ထင်ရှားရှင်းလင်းပြတ်သားမှုမရှိသည့်အယူဝါဒ (Vagueness Doctrine)[15]သို့ သက်ရောက်ခြင်းမရှိကြောင်း" တရားရုံးက ထပ်မံဆုံးဖြတ်ခဲ့သည်။

> "ဤအကြောင်းအချက်များကြောင့်_ ဥပဒေပြုရေးမဏ္ဍိုင်မှ ဥပဒေပြုရန် ပျက်ကွက်မှု (Legislative Failure) မြောက်-မမြောက် ငြင်းချက်ထုတ်ထားသည့်ကိစ္စ၌ "လွှတ်တော်ဘက်မှ အဆိုပါကိစ္စနှင့် ပတ်သက်စပ်လျဉ်း၍ ဥပဒေပြုရန် တာဝန်ရှိနေပါသည်"ဟူသော လျှောက်ထားသူများ၏ငြင်းချက်ကို **ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်မပြုကြောင်း ဆုံးဖြတ်လိုက်သည်"** ဟု တရားရုံးက **အပြီးသတ်ဆုံးဖြတ်ချက်** ချမှတ်ခဲ့သည်။

## ၁၁။တရားသူကြီးလေးဦး၏ သဘောထားကွဲလွဲမှုအကျဉ်းချုပ် (Summary of Dissenting Opinion) ကို လေ့လာတင်ပြခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်တွင် ပါဝင်ခြင်းမရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၎င်း၏ ၂၀၂၂ ခုနှစ် ဆုံးဖြတ်ချက်များကို ၂၀၂၃ ခုနှစ်၌ ပုံနှိပ်ထုတ်ဝေရာ ဤအမှု၏စီရင်ချက်အပေါ်ကန့်ကွက်မဲပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရား

[15]ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်သည် သာမန်လူပုဂ္ဂိုလ်တစ်ဦးကို ဖတ်ရှုနားလည်စေနိုင်ပြီး၊ လိုက်နာနိုင်သည့်အနေအထားမျိုး မဟုတ်ဘဲ ရှုပ်ထွေးစွာ သဘောတရားဖုံးကွယ်၍ပြဋ္ဌာန်းထားသော ဥပဒေမျိုးမဖြစ်ရန်လိုခြင်းဟူသည့် သဘောတရားသည် ထင်ရှားရှင်းလင်းပြတ်သားမှုမရှိသည့်အယူဝါဒ (Vagueness Doctrine) ဖြစ်သည်။ ထင်ရှားရှင်းလင်းပြတ်သားမှုမရှိသည့်အယူဝါဒ (Vagueness Doctrine)နှင့်ဆက်စပ်လေ့လာရမည့်အယူဝါဒမှာ ကျယ်ပြန့်သောအယူဝါဒ (Overbreath Doctrine)ဖြစ်ကြောင်း BLACK'S LAW DICTIONARY ၌ ဖော်ပြထားသည်။ ပြဋ္ဌာန်းဥပဒေတစ်ရပ်ကို လိုအပ်သည်ထက် အလွန်အမင်း ကျယ်ကျယ်ပြန့်ပြန့်ရေးသားပြဋ္ဌာန်းထားလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို အဟန့်အတားပြုသည့် ဥပဒေအမျိုးအစားဖြစ်သည်ဟု သတ်မှတ်စွဲကိုင်သည့်အယူဝါဒသည် ကျယ်ပြန့်သောအယူဝါဒ (Overbreath Doctrine) ဖြစ်သည်။

ရုံး တရားသူကြီး ၄ ဦး၏ ကွဲလွဲသောသဘောထားများကို အောက်ပါအတိုင်း နောက်ဆက်တွဲဖြင့် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးများဖြစ်ကြသည့် Lee Suk-tae ၊ Lee Youngjin ၊ Kim Kiyoung နှင့် Lee Mison လေးဦးတို့က ကွဲလွဲသောသဘောထား ကိုယ်စီရှိခဲ့ကြပြီး၊ ဤအမှု၏စီရင်ချက်ကိုမဲပေးရာတွင် ကန့်ကွက်မဲကိုသာ ပေးခဲ့ကြသည်။[16]




ယခုအမှုတွင် သဘောထားကွဲလွဲသော ကိုးရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးတစ်ဦးက _ "တက်တူးထိုးပေးခြင်းဆိုသည်မှာ ဆေးကုသမှုပြုလုပ်လိုသည့် ရည်ရွယ်ချက်များ (Treatment Purposes)ဖြင့် ပြုမူလုပ်ကိုင်ဆောင်ရွက်ခြင်းမျိုး မဟုတ်သဖြင့်၊ **"ဆေးကုသခွင့်လိုင်စင်မရှိပါလျှက် ဆေးကုသမှုပြုခြင်း" ဆိုသည့် သဘောတရားနှင့် အတိုင်းအတာတစ်ခုအထိ သိသိသာသာကွဲပြားခြားနားနေသည်ကို ရှင်းရှင်းလင်းလင်းသိမြင်နိုင်သည် ဖြစ်ပါသည်။** ၎င်းအပြင် နေ့စဥ်လူနေမှုဘဝ၌ လူသားတို့၏ တက်တူးထိုးလိုသောတောင်းဆိုမှုများသည် တက်တူးထိုးရခြင်းအတွက် လူမှုရေးခံယူချက် ( Social Perception ) နှင့်အတူ တိုးတက်ပြောင်းလဲလျက်ရှိသည့် အကြောင်းရာတစ်ရပ်ဖြစ်သည်ကိုလည်း တွေ့ရှိရသည်။ ထို့အပြင် ဤသို့သောအခြေအနေမျိုးတွင်၊ **ထုံးတမ်းစဥ်လာအရလိုက်နာစေမည့်စီရင်ထုံးဖွဲ့၍ အကြံပြုသည့်နည်းလမ်းမျိုးဖြင့် ယခုအမှုကို မသုံးသပ်ဘဲ ၊ ရှုထောင့်အသစ်မှ ယခုအမှုအပေါ်ကြည့်မြင်သုံးသပ်၍သာလျှင် "တက်တူးထိုးခြင်း" သဘောတရားအပေါ် ဆန်းစစ်ခြင်း (Examination)ပြုသင့်ကြောင်း သဘောရရှိသည်"** ဟု ကွဲလွဲသော သဘောထားပေးခဲ့သည်။

ကိုးရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အခြားတရားသူကြီးတစ်ဦးကလည်း အောက်ပါအတိုင်း ကွဲလွဲသောသဘောထားပေးခဲ့သည်_

> "အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ ကဲ့သို့သော နိုင်ငံများအပါအဝင် အခြားသောကမ္ဘာ့နိုင်ငံများတွင် တက်တူးထိုးပေးခြင်းလုပ်ငန်းစဉ် (Tattooing Procedure)၌ ဘေးဥပါဒ်မဖြစ်စေရေးကိုစွရပ်နှင့် ပတ်သက်စပ်လျဥ်း၍ **"Medical Providers များသာလျှင် သူတပါးကို တက်တူး ထိုးပေးသင့်ပါသည်"**ဟူသော ဥပဒေအရလိုအပ်ချက် **(Requirement)တစ်ရပ်သတ်မှတ်ပြီး ဥပဒေပြုကြခြင်းမျိုးကို လုံးဝမတွေ့ရှိရတော့ပါ။**

[16] https://aacc-asia.org/content/newsletters/8_4_220707022921.pdf

“အခြားသော ကမ္ဘာ့နိုင်ငံများတွင် Medical Provider ဖြစ်ရပါမည်ဟူသော အရည်အချင်းသတ်မှတ်ချက်ရှိရန် မလိုအပ်ဘဲ၊ တက်တူးထိုးခြင်းဆိုင်ရာလုပ်ငန်းစဉ်၏ ဘေးကင်းစေမှုကို အောက်ပါနည်းလမ်းများဖြင့် စည်းကမ်းချက်များ သတ်မှတ်ထားရှိကြခြင်းဖြင့် အာမခံချက်ပြုနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်ဟု သဘောထားပေးခဲ့ပါသည်_

- တက်တူးထိုးရာတွင်သုံးစွဲရမည့် ဆိုးဆေးအမျိုးအစားကို သတ်မှတ်ပေးခြင်း၊
- တက်တူးထိုးရာတွင်သုံးမည့် ဆိုးဆေးနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပေးခြင်း၊
- တက်တူးထိုးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အရည်အချင်းများကို သတ်မှတ်ပေးခြင်း၊ **(ဘေးဥပါဒ်ကင်းစွာ တက်တူးထိုးပေးသည်ဟုလက်သင့်ခံနိုင်သော လျော်ကန်သင့်မြတ်သည့် အဆင့်မျိုးအထိသာ လိုအပ်လောက်သော ကန့်သတ်မှု / ပမာဏအတိုင်းအတာ(Scope) ဥပဒေအရထားရှိခြင်းမျိုးသာ ဖြစ်ရမည်)၊**
- တက်တူးထိုးပေးမည့်လုပ်ငန်းခွင်၏ တည်ရှိရာပတ်ဝန်းကျင်ကို ဘေးကင်း၍ သန့်ရှင်းစေခြင်းကိစ္စရပ်နှင့်စပ်လျဉ်းသော စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပေးခြင်း၊
- တက်တူးထိုးပေးရာတွင် အသုံးပြုရမည့် စက်ကိရိယာများနှင့် တက်တူးထိုးပေးရာတွင် လူ့တစ်ကိုယ်ရေသန့်ရှင်းမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပေးခြင်း၊
- တက်တူးထိုးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည့်အနေအထားနှင့် တက်တူးထိုးခြင်းနည်းစနစ်များနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပေးခြင်း။

အထက်ဖော်ပြပါနည်းလမ်းများကို အသုံးပြု၍ ချဉ်းကပ်လုပ်ဆောင်ခြင်းနည်းလမ်း (Approaching)ဖြင့် တက်တူးထိုးပေးခြင်းလုပ်ငန်းစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်လိုင်စင်ရရှိရန်အချက် လိုအပ်တော့မည်မဟုတ်ကြောင်း၊ “ နိုင်ငံသားများအပေါ် လူပုဂ္ဂိုလ်အလိုက် ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များကာကွယ်ရန်အတွက်ဖြစ်စေ (သို့တည်းမဟုတ်) အများပြည်သူ့ကျန်းမာကြံ့ခိုင်ရေးကို ဘေးအန္တရာယ်မဖြစ်စေရန် အကာအကွယ်ပေးရန်ဖြစ်စေ ရည်ရွယ်လျက် ဥပဒေပြုကြရမည်”ဟူသော ဥပဒေပြုရေးမဏ္ဍိုင်၏ ဥပဒေပြုရေးဆိုင်ရာရည်ရွယ်ချက်ကို ထိရောက်အောင်မြင်စေရန် **ပိုမိုထိရောက်စေသော လူမှုဘဝ လက်တွေ့ကျကျရွေးချယ်မှု**တစ်ခုလည်းဖြစ်သည်”ဟု သဘောထားပေးခဲ့ပါသည်။

အခြားတရားသူကြီးတစ်ဦးကလည်း အောက်ပါအတိုင်း ကွဲလွဲသောသဘောထား ပေးခဲ့ပါသည်_

> " တက်တူးထိုးခြင်းလုပ်ငန်းစဉ်၏ ဘေးဥပါဒ်ကင်းစေရေးကိုသာ အလေးထားကရုမူပြီး၊ Medical Providers များကိုသာလျှင် တက်တူးထိုးပေးပိုင်ခွင့်အခွင့်အရေး ခွင့်ပြုလိုက်မည်ဆိုပါက၊ ယင်းခွင့်ပြုချက်၏ ကောင်းသောရည်ရွယ်ရင်းမှ ဆန့်ကျင်ဘက်အနေအထားဖြစ်သည့် _ **" ဥပဒေအရတရားမဝင်သော" နှင့် " ကျန်းမာရေးအရဘေးအန္တရာယ်ရှိသော" တက်တူးထိုးခြင်းလုပ်ငန်းစဉ်အဖြစ် လူ့အဖွဲ့အစည်းအတွင်း ဦးတည်သွားမည်ဖြစ်သည်။** အကြောင်းမှာ လူ့အဖွဲ့အစည်းအတွင်း တက်တူးထိုးလိုသော တောင်းဆိုမှုများသည် အလွန်များပြားလာ၍ ဖြစ်သည်။ ထို့ကြောင့် အခြားကမ္ဘာ့နိုင်ငံများတွင် ဥပဒေပြဋ္ဌာန်းထားသည့်အတိုင်း၊ မိမိတို့နိုင်ငံတွင်လည်း ခိုင်မာသောအနုပညာသက်ဝင်ခံစားမှုတစ်ရပ်ရပ် (A Strong Artistic Sense)ဖြင့် တက်တူးထိုးပေးခြင်းကို ပြုမူဆောင်ရွက်လိုသည့် Medical Provider မဟုတ်သူများကိုလည်း **"လူ့တစ်ကိုယ်ရေသန့်ရှင်းမှု၊ အများပြည်သူ့ကျန်းမာသန့်ရှင်းမှုနှင့် ဘေးအန္တရာယ်ကင်းစေသောနည်းလမ်းများကို လိုက်နာဆောင်ရွက်စေခြင်းဖြင့်"** သူတပါးကိုတက်တူးထိုးပေးခွင့်အခွင့်အရေး ခွင့်ပြုပေးရန် လိုကြောင်း သဘောရရှိသည်" ဟု သဘောထားပေးခဲ့သည်။

သဘောထားကွဲလွဲသည့် တရားသူကြီးလေးဦးရှိသည့်အနက် ကျန်ရှိသည့်တရားသူကြီး၏ သဘောထားကွဲလွဲမှုအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်_

> "တက်တူးထိုးပေးခြင်းလုပ်ငန်းစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်း နယ်ပယ်တွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်လိုင်စင်ကို ရရှိထားပြီးနောက်မှသာ ဆောင်ရွက်၍ရနိုင်ခြင်းဟူသည့် သဘောတရားသည်၊ **အနှစ်သာရအားဖြင့်** _ Medical Provider မဟုတ်သူများကို တက်တူးထိုးပေးခြင်း လုပ်ငန်းစဉ်တွင် အသက်မွေးဝမ်းကျောင်းခြင်းပြုလုပ်၍မရစေရန် တမင်သက်သက် တားမြစ်ပိတ်ပင်လိုက်ခြင်းသာဖြစ်၍၊ တိုင်လျှောက်သူများက ရုံးတော်သို့တင်ပြလျှောက်ထားသည့်အတိုင်း၊ တိုင်လျှောက်သူများ၏ လွတ်လပ်စွာ လုပ်ငန်းရွေးချယ်ပိုင်ခွင့်ကို ချိုးဖောက်ခံရခြင်းဖြစ်ကြောင်း သုံးသပ်ရရှိသည်။ ထို့ကြောင့် တက်တူးထိုးခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အငြင်းထွက်နေသော ဥပဒေပြဋ္ဌာန်းချက်များရှိ "ဆေးကုသခြင်းဆိုင်ရာပြုလုပ်မှု" (medical act)ဟူသော စကားစု (Phrase)သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်နေသည်"ဟု ကွဲလွဲသောသဘောထား ပေးခဲ့သည်။

**၁၂။ မြန်မာ့ရိုးရာဆေးမင်ကြောင်ထိုးခြင်းလုပ်ငန်းနှင့် ခေတ်ပေါ်တက်တူးထိုးခြင်းလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဥပဒေအရရပ်တည်ပိုင်ခွင့် အခြေအနေကို လေ့လာတင်ပြခြင်း**

ကိုရီးယားသမ္မတနိုင်ငံတွင် တက်တူးထိုးပေးခြင်းလုပ်ငန်းကို Medical Provider ဖြစ်မှသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ Medical Provider ဖြစ်မှသာ ဥပဒေနှင့်အညီဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း၊ မြန်မာနိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများတွင်မူ ရိုးရာ ဆေးမင်ကြောင်ထိုးခြင်းနှင့် ခေတ်ပေါ်တက်တူးထိုးပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် Medical Provider ဖြစ်ရန်မလိုပါ။ ကိုရီးယားသမ္မတနိုင်ငံကဲ့သို့ ဂျပန်နိုင်ငံတွင်လည်း ယခင်ကတက်တူးထိုးပေးခြင်းလုပ်ငန်းကို Medical Provider ဖြစ်မှသာ ဆောင်ရွက်ခွင့်ရှိကြောင်း ကန့်သတ်ချက်များ ထားခဲ့ဖူးသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်တရားလွှတ်တော်ချုပ်၏ တရားရုံးဆုံးဖြတ်ချက်ဖြင့် အဆိုပါကန့်သတ်ချက်ကို အပြီးသတ်ပယ်ဖျက်လိုက်ရာ၊ ယခုအခါ ဂျပန်နိုင်ငံတွင် တက်တူးထိုးပေးသူများသည် Medical Provider ဖြစ်ရန်အရည်အချင်း မလိုအပ်တော့ဘဲ တက်တူးထိုးပေးနိုင်ပြီ ဖြစ်သဖြင့်၊ ယနေ့အချိန် တက်တူးထိုးလိုသော ဂျပန်လူမျိုးများသည် Medical Provider မဟုတ်သော တက်တူးထိုးပေးသူများထံတွင် ဥပဒေနှင့်အညီ တက်တူးထိုးခွင့်အခွင့်အရေးကို ၂၀၂၀ ပြည့်နှစ်မှစ၍ ရရှိခဲ့ပါသည်။

မြန်မာတို့၏ ဆေးမင်ကြောင်ထိုးခြင်းဓလေ့သည် **မြန်မာသက္ကရာဇ် ၅၉၆** ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်ဟုဆိုသည်။ ဆေးမင်ကြောင်ကို မင်သေ့၊ ကော်၊ ကော်ရစ်၊ မင်ကော်ရစ်ဟူ၍လည်း ခေါ်တွင်သည်။ “မင်သေ့အခေါ်အဝေါ်ကို ဤသို့တွေ့ရှိရသည်။ “မင်သည် ကျပ်ခိုးမှိုင်းမင်ဖြစ်၍၊ “သေ့” မှာ ထိုးသွင်းခြင်း ၊ သွတ်သွင်းခြင်းဟု အဓိပ္ပာယ်ဆိုလိုပါသည်။ ထိုကြောင့် မှင်သေ့ သို့မဟုတ် မင်သေ့မှာ လူ့အရေပြားအတွင်းသို့ မင်ကိုထိုးသွင်းစွဲထင်စေခြင်း၊ တစ်စုံတစ်ခုပေါ်တွင် မင်ဖြင့်ရေးထိုးခြင်း အဓိပ္ပာယ်ဖြစ်သည်။ [17]

ရှင်ကုမာရကဿပ (၉၄၃-၉၉၈) ၏ **“ဓမ္မရာသီပျို့”** အရ ရှေးယခင်ကပင် **မြန်မာတို့သည် ရိုးရာဓလေ့ထိုးစံအရ** ဆေးမင်ကြောင်ထိုးခြင်းကို **အသက် မွေးဝမ်းကျောင်းလုပ်ငန်းအတတ်ပညာအဖြစ်လည်းကောင်း၊** ဆေးမင်ကြောင်ထိုးပေးခြင်းအလုပ်ကို **အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်လည်းကောင်း** အသိအမှတ်ပြုထားသည်ကို လေ့လာတွေ့ရှိရသည်။

ယနေ့အခါ မြန်မာနိုင်ငံတွင် မြန်မာ့ရိုးရာဓလေ့ထိုးစံအရ ဆေးမင်ကြောင်ထိုးခြင်းနှင့် ခေတ်ပေါ်တက်တူးထိုးပေးခြင်းလုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ရပ်တည်နေသည်ကို လေ့လာတွေ့ရှိရသည်။

၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရက ချင်းလူမျိုးအမျိုးသမီးများအနေဖြင့် အခြားလူ့အဖွဲ့အစည်းများ၊ အသိုင်းအဝန်းများနှင့် ထိတွေ့ဆက်ဆံရာတွင် အဟန့်အတားဖြစ်နေစေသည့် မျက်နှာပေါ်တွင်ပါးရဲထိုးခြင်းဓလေ့ကို သီးသန့်တားမြစ်ပိတ်ပင်ခြင်း ရှိခဲ့သည်မှတစ်ပါး၊ မျက်နှာပေါ်မဟုတ်သည့်နည်းဖြင့် ရိုးရာဆေးမင်ကြောင်ထိုးခြင်း၊ ခေတ်ပေါ်တက်တူးထိုးခြင်းများကို တားမြစ်ပိတ်ပင်ထားခြင်းမရှိပါ။

[17] အောင်သိန်း၊ ဆင်ဖြူကျွန်း၊ အမျိုးသားစာပေတစ်သက်တာဆုရှင်၊ စာရေးဆရာကြီး၊ (၁၀၊နိုဝင်ဘာ၊၁၉၂၈ – ၁၅၊ ဇူလိုင်၊ ၂၀၂၁) ၊ မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့၊ စာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၈၆ခုနှစ်၊ စာ ၃၁-၃၂

သို့ရာတွင် ဆေးမင်ကြောင်ထိုးခြင်းအပါအဝင် ခေတ်ပေါ် တက်တူးထိုးပေးခြင်း လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းသည့် ပုဂ္ဂိုလ်များအပေါ် ကြီးကြပ်ကွပ်ကဲနိုင်မည့်၊ လူ့ကျန်းမာရေးကို ဘေးအန္တရာယ်ကင်းအောင် စနစ်တကျဆောင်ရွက်နိုင်စေရန် အထောက် အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းအပါအဝင်၊ အခြားလိုအပ်သည်များကို အခြားကမ္ဘာ့နိုင်ငံများကဲ့သို့ သတ်သတ်မှတ်မှတ် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြုပေးနိုင်ရန် လိုအပ်သည်ဟု ယူဆပါသည်။

မြန်မာတို့သည် ရိုးရာဓလေ့အရ ရှေးအခါက ဆေးမင်ကြောင်ထိုးရာတွင် ထိုးကွင်းဆရာသည် အရမ်းကာရောထိုးခြင်းမျိုး မဟုတ်ပါ။ လူ့အရေခွံပေါက်သည်ဆိုရုံမျှသာ ကရုတစိုက် လေ့ကျင့်ပြီးမှ ဆေးမင်ကြောင်ကို ထိုးပေးရသည်။ ထိုးကွင်းဆရာသည် ထိုသို့ထိုးကျင့်ရစေရန် ကျောက်ပြင်ပေါ်တွင်တင်ထားသော ကွမ်းရွက်ကို အသံမမြည်သည်အထိ ထိုးနိုင်စေရန် လေ့ကျင့်ထားရပါသည်။ ကွမ်းရွက်ပေါက်ပြီး ကျောက်ပြင်ကို စုတ်သွားနှင့်ထိခိုက်မိသံ ထွက်ပေါ်နေသေးသရွေ့ လူကိုမထိုးနိုင်သေးပါ။ အခြားနည်းတစ်နည်းအနေဖြင့်မူ ခေါင်းအုံးပေါ်တွင် ကွမ်းရွက်နှစ်ရွက်ထပ်ကာ စုတ်ဖြင့်ထိုး၍ လေ့ကျင့်ခြင်းဖြစ်သည်။ အပေါ်ကွမ်းရွက်တွင်သာ စုတ်ရာထင်ရပြီး၊ အောက်ခံကွမ်းရွက်တွင် စုတ်ရာ မထင်စေရ/မပေါက်စေရပါ။ ထိုသို့ စနစ်တကျလေ့ကျင့်ကြပါသည်။[18]

မြန်မာ့ရိုးရာဆေးမင်ကြောင်ထိုးခြင်းနှင့် ယနေ့ခေတ်တက်တူးထိုးခြင်းကို နှိုင်းယှဉ်လေ့လာရာ၌ ယနေ့အခါ တက်တူးထိုးလျှင် လူ့အရေပြားကို ၁ မီလီမီတာအနက်အထိသာ အပ်ဖြင့်ထိုးသင့်သည်ဟူသည့် ယနေ့ခေတ်ခေတ်မီအနောက်တိုင်းဆေးပညာအရလက်ခံထားသော စည်းကမ်းချက်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာတို့သည် ရှေးအခါက ဆေးမင်ကြောင်ထိုးရာတွင် ထိုးကွင်းဆရာသည် အရမ်းထိုးခြင်းမျိုးမဟုတ်ဘဲ လူ့အရေခွံပေါက်သည်ဆိုရုံမျှ ကွမ်းရွက်တစ်ရွက်အထူအထိသာထိုးရသည့် စည်းကမ်းချက်ရှိပါသဖြင့် ကွမ်းရွက်တစ်ရွက်၏အထူသည် ယနေ့ခေတ်လက်ခံထားသလို လူ့အရေပြား၏အနက် ၁ မီလီမီတာအထူအတွင်းရှိပြီး၊ ကျန်းမာရေးအရခံယူချက် သဘောတရားကိုက်ညီနေသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ဆေးမင်ကြောင်ထိုးရန်အတွက်ဖြစ်စေ၊ ပါးရဲထိုးရန်အတွက်ဖြစ်စေ မင်ကို ဖော်စပ်ရပါသည်။ မှိုင်းမှ မင်ရအောင် လုပ်ဆောင်ရပြီး၊ ရလာသောမှိုင်းသည် လူ့အသားအရေပေါ်သို့ စိတ်ချလက်ချပို့နိုင်သောမင် မဖြစ်သေးပါ ။ လူ့အသားပေါ်သို့ပို့ရန် မှိုင်းသတ်ပြီး မင်ရအောင်လုပ်ရပါသည်။ မှိုင်းသတ်ရာ၌လည်း မှိုင်းကို ရိုးရာနည်းဖြင့် အသားသေအောင် သတ်ရပါသည်။ **မှိုင်းမသေပဲ မင်အဖြစ်အသုံးပြုလျှင် ပေါင်၊ လက်မောင်း ၊ ကျောနှင့်ရင်ဘတ် ဆိုပါကမူ ယားယံပြီး၊ မျက်နှာဆိုပါက အဖုအပိန့်များ ထွက်လာတတ်၍ ဖြစ်သည်။** မင်သည် ရေထဲသို့ချကြည့်ပါက မင်စက်သည် ရေထဲသို့ စိုက်ဆင်းသွားလျှင် လူအသားပေါ်သို့ စိတ်ချလက်ချပို့နိုင်သောမင်ကို ရရှိသည်/ “မင်”သေသည်ဟု ရိုးရာဆေးပညာအရဆိုပါသည်။ ထိုကဲ့သို့ စနစ်တကျ ရိုးရာနည်းဖြင့် **ပိုးသတ်၊ အဆိပ်ထုတ်၊ ပေါင်းခံ၍ ဘေးဥပါဒ်**

[18] အောင်သိန်း၊ ဆင်ဖြူကျွန်း၊ အမျိုးသားစာပေ တစ်သက်တာဆုရှင်၊ စာရေးဆရာကြီး ၊ (၁၀၊နိုဝင်ဘာ၊ ၁၉၂၈-၁၅၊ ဇူလိုင်၊ ၂၀၂၁) မြန်မာ့ထိုးကွင်း မင်ကြောင်ဓလေ့၊ စာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၈၆ခုနှစ်၊ စာ ၁၀၈-၁၀၉

**ကင်းသော သဘာဝမင်ကိုဖော်စပ်ကြသည်။**[19] ခေတ်ပေါ်တက်တူးထိုးရာတွင် သုံးသည့်ဆိုးဆေးမှာမူ **ဓာတုဗေဓဆိုးဆေး**ဖြစ်ပြီး အဆိုပါဓာတုဗေဓဆိုးဆေးကြောင့် သွေးကင်ဆာရောဂါဖြစ်နိုင်ခြေသည် သာမန်ထက် ၂၁% ပိုများကြောင်း လေ့လာဖတ်ရှုရပါသည်။

ထို့အပြင် ဆေးမင်ကြောင်ထိုးရာတွင်လည်းကောင်း၊ ပါးရဲထိုးရာတွင်လည်းကောင်း သွေးထွက်သည့် အတွက်၊ ပူသောရာသီ၌ အေးသည့်ရာသီထက် ပို၍နာကျင်သည့်အတွက် ပူအိုက်သော ရာသီမျိုးတွင် ထိုးနှံရန်မသင့်လျော်ဟု ရိုးရာတိုင်းရင်းဆေးပညာအယူအဆအရ လက်ခံထားကြပြီး၊ အေးမြသော ဆောင်းရာသီ၏ အအေးဆုံးအချိန် နံနက်ပိုင်းမျိုးကိုသာ ရွေးချယ်၍ ထိုးကွင်း သို့မဟုတ် ပါးရဲထိုးကြပါသည်။[20]

ယနေ့ခေတ်တွင် ကျန်းမာရေးအသိပညာကြွယ်ဝလာရာ တက်တူးထိုးသည်ဖြစ်စေ၊ ရိုးရာထိုးကွင်း/ဆေးမင်ကြောင်ထိုးသည်ဖြစ်စေ ရောဂါပိုးမကူးစက်စေရန် တစ်ခါသုံးအပ်ဖြင့်လည်းကောင်း၊ တစ်ခါသုံးစုတ်တံဖြင့်လည်းကောင်း လုပ်ဆောင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ပါးရဲထိုးခြင်းဓလေ့မှာမူ ဥပဒေအရတားမြစ်ထားပါသဖြင့် မြန်မာနိုင်ငံတွင် ပါးရဲထိုးသူအသစ် ယခုအခါ မရှိတော့ပါကြောင်း လေ့လာတွေ့ရှိရသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံကဆုံးဖြတ်ခဲ့သည့်အမှုနှင့်ပတ်သက်သည့် ယခုစာတမ်းတွင် ယခုအမှုဆုံးဖြတ်ချက်တွင်ပါရှိသည့်သဘောတရားနှင့် ဆက်စပ်နေသည့်အချက်ကို အောက်ပါအတိုင်း အကျဉ်းချုပ် လေ့လာတင်ပြအပ်ပါသည်။

ယင်းအချက်မှာ ကိုရီးယားသမ္မတနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော ၁၉၉၃ ခုနှစ် စစ်မှုထမ်းဥပဒေ (Military Services Act)အရ စစ်မှုထမ်းဆောင်ကြရာတွင် တက်တူးထိုးထားပါက ပြည်သူ့စစ်မှုထမ်းခြင်းကို ရှောင်ရှားလိုသောသဘောဖြင့် တက်တူးထိုးလာခြင်းဖြစ်သည်ဟုသတ်မှတ်သည်။ တက်တူးထိုးလာပြီးဆေးစစ်ခံပါက ပြည်သူ့စစ်မှုထမ်းခြင်းကိုရှောင်ရှားလိုသောသဘောဖြင့် တက်တူးထိုးလာခြင်းဖြစ်သည်ဟု သတ်မှတ်ပြီး တရားရုံးက ထောင်ဒဏ်ချမှတ်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် အမျိုးသားများမှာ သတ်မှတ်ထားသည့်အသက်အရွယ်အတွင်း မဖြစ်မနေစစ်မှုထမ်းဆောင်ရမည်ဖြစ်ပြီး၊ အမျိုးသမီးများမှာမူ မိမိသဘောအလျောက် စစ်မှုထမ်းဆောင်လိုက စစ်မှုထမ်းဆောင်နိုင်ပါသည်။ ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံတွင် အမျိုးသားများတက်တူးထိုးထားခြင်းကို တည်ဆဲဥပဒေဖြစ်သော ၁၉၉၃ ခုနှစ် စစ်မှုထမ်းဥပဒေ (Military Services Act)အရ အသိအမှတ် မပြုပါသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အမျိုးသားများအနေဖြင့် တက်တူးထိုးလိုပါက စစ်မှုထမ်းဆောင်ပြီးမှသာလျှင် တက်တူးထိုးကြပါသည်။ အမျိုးသမီးများအတွက်မူ ထိုသို့ကန့်သတ်ထားသော ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံတွင် အမျိုးသား

[19] Ibid,စာ ၆၇-၆၈

[20] Ibid,စာ-၁၀၆

များထက် အမျိုးသမီးများက တက်တူးထိုးပိုင်ခွင့်အခွင့်အရေး ပိုမိုလွတ်လပ်သည့်အနေအထား ရရှိထားသည်။

မြန်မာနိုင်ငံတွင်စစ်မှုထမ်းရာ၌ ကိုရီးယားသမ္မတနိုင်ငံကဲ့သို့ အထက်ပါအတိုင်း ကန့်သတ်ခြင်းမျိုးမရှိပါ။ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများအရ မြန်မာ့တပ်မတော်အနေဖြင့် မြန်မာနိုင်ငံသား များကို တက်တူးထိုးထားလျှင်ဖြစ်စေ၊ ထိုးကွင်း/ဆေးမင်ကြောင်ထိုးထားလျှင်ဖြစ်စေ စစ်မှုမထမ်းစေရဟု ဆေးစစ်ချက်အရ ကန့်သတ်ထားချက်မရှိပါ။

မြန်မာနိုင်ငံတွင် ကုန်းဘောင်ခေတ်၏ နောက်ဆုံးမင်းဆက်မင်းများလက်ထက်တွင် လူ့ကိုယ်၌ အမှတ်အသားပြုမှုကို ဆေးမင်ကြောင်ထိုး၍ အမှတ်အသားပြုလေ့ရှိသည်ကိုလည်း လေ့လာဖတ်ရှုရပါသည်။

မြန်မာမင်းများလက်ထက် ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် တစ်စိတ်တစ်ဒေသ အမြဲတမ်းတပ်အချို့ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ယင်းတို့အနက် လွှတ်ရုံးနှင့် ရွှေနန်းတော်ကြီးအတွက် လောလောဆယ် အသုံးမလိုသူများမှာ ရသင့်ရထိုက်ရာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်နေထိုင်ကြပါသည်။ ယင်းတို့ကို အစုအဝန်းစသည်ဖြင့် သတ်မှတ်ထားပြီး၊ ယင်းအမှုထမ်းတို့၏ လည်ကုပ်တွင် ဆေးထိုးကာအမှတ်အသားပြုထားသဖြင့် **"ဆေးထိုးထမ်း"**ဟု ခေါ်ဝေါ်သည်။ ထိုဆေးထိုးထမ်းများထဲတွင် မြောက်ဒဝယ်၊ တောင်ဒဝယ်၊ မြောက်မာရဘင်၊ တောင်မာရဘင်၊ ရွှေပြည်မှန်ကင်း၊ နတ်စုလက်ဝဲ၊ နတ်စုလက်ျာ၊ရွှေလက်ဝဲ၊ရွှေလက်ျာစသော **သေနတ်စွဲအမှုထမ်း**တို့မှာ လည်ကုပ်၊ လက်ဖမိုးစသည်တို့၌ **"နတ်ဘီလူးလက်ျာသန်လျက်ထမ်းခြသေ့ရုပ်များ**ဆေးတော်ရေးမှတ်ထားရသည်။[21]

သို့ပါ၍ **မြန်မာမင်းများလက်ထက်တွင်** ဘုရင့်တပ်မတော်၏ **တပ်မတော်သားများကို ရိုးရာဆေးမင်ကြောင်ထိုးသည့်နည်းအသုံးပြု၍ ဆေးထိုးကာ အမှတ်အသားပြုသည့်ဓလေ့ ရှိခဲ့ဖူးကြောင်း လေ့လာတွေ့ရှိရသည်။**

ယနေ့ခေတ်တွင် တက်တူးထိုးခြင်းနှင့်ဆက်စပ်သည့် ဥပဒေအရ ကန့်သတ်ချက်အချို့ ရှိကြောင်း လေ့လာတွေ့ရှိရသည်မှာ_

ခေတ်ပေါ်တက်တူးသည် အနောက်တိုင်းယဉ်ကျေးမှုဆန်သော အရုပ်များ၊ ယဉ်ကျေးမှုများကို အသားပေးကြသည်ဖြစ်ရာ မြန်မာ့လူ့အသိုက်အဝန်းအတွင်း၌ မိရိုးဖလာရိုးရာယဉ်ကျေးမှုမဟုတ်ဟု လက်ခံထားကြပြီး၊ ရိုးရာဆေးမင်ကြောင်နှင့်လည်း ဘောင်မဝင်သည့်အတွက် ရိုးရာယဉ်ကျေးမှုကို ထိခိုက်နစ်နာစေနိုင်သည့် အကြောင်းတရားအဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈ (က) နှင့် စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၆၃ (စ) တို့အရ တက်တူးလုပ်ငန်းကို **ကြော်ငြာပိုင်ခွင့်မရှိပါ။**

[21] အောင်သိန်း၊ ဆင်ဖြူကျွန်း၊ အမျိုးသားစာပေတစ်သက်တာဆုရှင်၊ စာရေးဆရာကြီး ၊ (၁၀၊နိုဝင်ဘာ၊၁၉၂၈ – ၁၅၊ ဇူလိုင်၊ ၂၀၂၁) ၊ မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့၊ စာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၈၆ခုနှစ်၊စာ-၁၉

ထို့အပြင် ရာဇသတ်ကြီးဥပဒေ၊ နိုင်ငံတော်အလံဥပဒေနှင့် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ဥပဒေများပါ ဥပဒေပြဋ္ဌာန်းချက်များအရလည်း ကန့်သတ်ချက်အချို့ ရှိပါသည်။ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၉၅ အရ မည်သူမဆို ဘာသာ၊ သာသနာကို ညှိုးနွမ်းစေမည့်ရုပ်ပုံများကို ရိုးရာဆေးမင်ကြောင် သို့မဟုတ် တက်ထူးထိုးပိုင်ခွင့်မရှိပါ။ နိုင်ငံတော်အလံဥပဒေ ပုဒ်မ ၁၃ (ခ) (၂) နှင့် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ဥပဒေ ပုဒ်မ ၆ (က) တို့အရ နိုင်ငံတော်အလံနှင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်များကို ရိုးရာဆေးမင်ကြောင်ထိုးခြင်းသို့မဟုတ်တက်တူးထိုးခြင်း ဆောင်ရွက်ခွင့်မရှိပါ။

## နိဂုံး

ယခုစာတမ်းကိုလေ့လာပြုစုရာမှတစ်ဆင့် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ချမှတ်ပုံကိုလည်းကောင်း၊ ထင်ရှားရှင်းလင်းပြတ်သားမှုမရှိသည့်အယူဝါဒ (Vagueness Doctrine) သို့ သက်ရောက်ခြင်း ရှိ-မရှိ စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့ပုံကို လည်းကောင်း၊ ပြည်ထောင်စုသမ္မတ**မြန်မာနိုင်ငံတွင်** ရိုးရာဆေးမင်ကြောင် နှင့် တက်တူးထိုးပိုင်ခွင့် အခွင့်အရေးရရှိမှုအနေအထားနှင့် မြန်မာနိုင်ငံရှိရိုးရာဆေးမင်ကြောင်နှင့်ခေတ်ပေါ်တက်တူးထိုးပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းများ၏ **လွတ်လပ်စွာလုပ်ငန်းရွေးချယ်ပိုင်ခွင့် အခွင့်အရေးသည် ကိုရီးယားသမ္မတနိုင်ငံထက် ပိုမိုလွတ်လပ်သည့်အနေအထားရရှိထားသည်**ကိုလည်းကောင်း၊ ယခုစာတမ်းတင်ပြပါအမှုတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ သဘောထားကွဲလွဲသော ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး လေးဦးက တက်တူးထိုးခြင်းလုပ်ငန်းအပေါ် ရှုမြင်သုံးသပ်ရာ၌ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားကမ္ဘာ့နိုင်ငံများ၏ မတူညီသည့်အနေအထားအပေါ် ဥပဒေပညာရပ်ရှုထောင့်နှင့် အခြားရှုထောင့်များမှ နှိုင်းယှဉ်၍ သဘောထားကွဲလွဲသောသုံးသပ်ချက်များ ပေးခဲ့ပုံကိုလည်းကောင်း ဖတ်ရှုလေ့လာတွေ့ရှိရပါသဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေပညာဗဟုသုတများစွာကို ရရှိခဲ့ပါသည်။ ထို့အပြင် ကိုရီးယားသမ္မတနိုင်ငံက ဆုံးဖြတ်ခဲ့သည့်အမှုနှင့်ပတ်သက်သည့် ယခုစာတမ်းတွင် တက်တူးထိုးခြင်းကို ဆေးကုသမှုဆိုင်ရာ အပြုအမူအဖြစ်သတ်မှတ်ထားသည့်သမိုင်းကို လေ့လာပါလျှင် ကိုရီးယားသမ္မတနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေအရမဟုတ်ဘဲ၊ ကိုရီးယားသမ္မတနိုင်ငံတရားလွှတ်တော်ချုပ်[22]က ၁၉၉၂ ခုနှစ်တွင် စီရင်ထုံးပြုခဲ့သည့် Landmark Ruling[23] တစ်ခုအရ "တက်တူးထိုးခြင်းသည်ဆေးကုသမှုဆိုင်ရာအပြုအမူဖြစ်သည်" ဟူသည့်သဘောတရားကို သတ်မှတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

---

[22] The Supreme Court of Korea is the highest ordinary court in the judicial branch of South Korea, seated in Seocho, Seoul. It consists of fourteen Justices, including the Chief Justice of the Supreme Court of Korea. The Supreme Court has **equivalent status** as one of the two highest courts in South Korea. The other is the Constitutional Court of Korea. https://en.wikipedia.org/wiki/Supreme_Court_of_Korea

[23] **Korea Supreme Court Decision 91 Do 3219 (Pronounced May 22, 1992)**
In the Case Number of "2000Da88", the number "2000" indicates the year in which the appeal was made (or in case of "Gadan" or Gahap" the lawsuit was filed, "Da" refers to the procedural classification, and "88" is a serial number of each case. For example: "Da" refers to an appellate case to the Supreme Court in the civil procedure; "Na", an appellate case to the Court of Second Instance in the civil procedure; "Gadan", a case to the Single Judge Division of the Court of First Instance in the civil procedure; "Gahap", a case to the 3 Judge Panel Division of the Court of First Instance in the civil procedure; **"Do",** "No", "Godan", "Gohap", respectively in the criminal procedure.
https://eng.scourt.go.kr/eng/supreme/decisions/guide.jsp

## ရည်ညွှန်းကိုးကားချက်များ


- https://aacc-asia.org/content/newsletters/8_4_220707022921.pdf
- https://accesson.kr/kj/assets/pdf/8421/journal-57-2-5.pdf
- https://apps.law.wustl.edu/GSLR/CitationManual/countries/southkorea.pdf
- https://apps.law.wustl.edu/GSLR/CitationManual/countries/southkorea.pdf
- https://en.wikipedia.org/wiki/Supreme_Court_of_Korea
- https://eng.scourt.go.kr/eng/supreme/decisions/guide.jsp
- https://thefactfile.org/south-korea-facts/
- https://www.britannica.com/place/South-Korea/Plant-and-animal-life
- https://www.godrejproperties.com/blog/metro-cities-vs-non-metro-cities
- https://www.korea.net/AboutKorea/Society/South-Korea-Summary
- https://www.vocabulary.com/dictionary/metropolitan /
- Constitution of the Republic of Korea (1948)
- Constitutional Court Act of the Republic of Korea (1988)
- Framework Act on Korean Language of the Republic of Korea (2005)
- Official Information Disclosure Act of the Republic of Korea (1996)
- The Local Autonomy Act of the Republic of Korea (1992)
- မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့စာအုပ် ၊ စာရေးဆရာ-ဆင်ဖြူကျွန်းအောင်သိန်း၊ စာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၈၆ ခုနှစ်